# ကျွန်ုပ်တို့အား သူကျမ်းစာပေးခဲ့သည်း အနက်ပြန်ခြင်းဆိုင်ရာ အခြေခံအုတ်မြစ်များ

သင်ခန်းစာနှစ်

အနက်ပြန်ခြင်းအတွက် ပြင်ဆင်ခြင်း

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗာစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ............ 1

သန့်ရှင်းသောဝိညာဉ်တော်အပေါ် မှီခိုအားထားခြင်း ............ 1

မှုတ်သွင်းခြင်း ............ 2

ဘုရားသခင်နှင့်သက်ဆိုင်သော အရင်းအမြစ် ............ 7

လူ့နည်းလမ်းများ ............ 11

အလင်းပေးခြင်း ............ 12

လူသားများ၏ကြိုးစားအားထုတ်မှု လိုအပ်သည်။ ............ 15

အရေးပါမှု ............ 15

လွှမ်းမိုးမှု ............ 18

အနက်ဖွင့်ခြင်း ............ 18

အပြန်အလှန်တုံ့ပြန်မှု ............ 19

အတွေ့အကြုံ ............ 20

နိဂုံး ............ 22





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

စီမံကိန်းတစ်ခု စတင်သည့်အခါတိုင်း၊ မှန်ကန်သောပြင်ဆင်မှုများ လုပ်ဆောင်ခြင်းသည် ပညာရှိရာကျပါသည်။ ရှင်လုကာခရစ်ဝင်ကျမ်းတွင်၊ ယေရှုကိုယ်တော်တိုင် ဤအယူအဆကို သရုပ်ဖော်ခဲ့သည်၊ ရဲတိုက်တည်ဆောက်လိုသူတစ်ဦးအကြောင်းကိုဖော်ပြရာတွင်၊ သူသည်ကြိုတင်ပြင်ဆင်ခြင်းမရှိသောကြောင့် စီမံကိန်းကိုအပြီးသတ်ရန် ပျက်ကွက်ခဲ့သည်။ သမ္မာကျမ်းစာများကို အနက်ပြန်ဆိုရာ၌လည်း အလားတူကိစ္စရပ်သည် မှန်ကန်သည်။ သမ္မာကျမ်းစာကိုနားလည်သဘောပေါက်ခြင်းသည် လုပ်ဆောင်မှုမျိုးစုံလိုအပ်ပြီး၊ ကျွန်ုပ်တို့၏ဘဝတစ်လျှောက်လုံးနှင့်သက်ဆိုင်သည့် ရှုပ်ထွေးသောစီမံကိန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို မှန်ကန်သောနည်းလမ်းများဖြင့် အနက်ပြန်ဆိုရန် ပြင်ဆင်ထားကြောင်း သေချာစေရပါမည်။

ဤသည်မှာ *ကျွန်ုပ်တို့အား သူ ကျမ်းစာပေးခဲ့သည်* အခန်းဆက်ဆောင်းပါးမှ ဒုတိယသင်ခန်းစာဖြစ်သည်။ ခရစ်တော်၏နောက်လိုက်များသည် သမ္မာကျမ်းစာကို မည်သို့အနက်ပြန်ဆိုသင့်သည်ကို လေ့လာရန်ရည်ရွယ်ထားသော အနက်ပြန်ခြင်းဆိုင်ရာအခြေခံအုတ်မြစ်များ၏ အခန်းဆက်ဆောင်းပါးတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို မဖတ်မီနှင့် အနက်ပြန်ဆိုခြင်းမပြုမီ လုပ်ဆောင်ရန်အထောက်အကူဖြစ်စေမည့် အရာအချို့ကို အာရုံစိုက်ထားသောကြောင့် ဤသင်ခန်းစာကို "အနက်ပြန်ခြင်းအတွက် ပြင်ဆင်ခြင်း" ဟုခေါင်းစဉ်တပ်ထားပါသည်။

ဤသင်ခန်းစာတွင်၊ အနက်ပြန်ဆိုခြင်းအတွက် ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ရေးဆိုင်ရာပြင်ဆင်မှု၏ အရေးကြီးသောအချက်နှစ်ချက်ကို လေ့လာပါမည်။ ဦးစွာ၊ သန့်ရှင်းသောဝိညာဉ်တော်၏ဓမ္မအမှုတော်လုပ်ငန်းအပေါ် ကျွန်ုပ်တို့၏မှီခိုအားထားမှုကို သုံးသပ်ပါမည်။ ဒုတိယ၊ လူသားများ၏ ကြိုးပမ်းအားထုတ်မှုလိုအပ်ကြောင်းကို ဖော်ပြမည်။ သန့်ရှင်းသောဝိညာဉ်တော်အပေါ် ကျွန်ုပ်တို့၏မှီခိုအားထားမှုကို ဦးစွာကြည့်ကြပါစို့။

# သန့်ရှင်းသောဝိညာဉ်တော်အပေါ် မှီခိုအားထားခြင်း

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ဖော်ပြသောအခါ၊ မတူညီသောခရစ်ယာန်များသည် မတူညီသောနည်းလမ်းများဖြင့် တုံ့ပြန်ကြသည်ကို ကျွန်ုပ်တို့အားလုံးသိကြသည်။ သင်သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဝိညာဉ်တော်ဆုကျေးဇူးများကို အလေးပေးဖော်ပြကြသော အသင်းတော်တစ်ခုမှ ဖြစ်ကောင်းဖြစ်နိုင်သည်—နေ့စဉ်အသက်တာတွင် သူ၏တည်ရှိမှုနှင့် တန်ခိုးအာဏာများပြခြင်း။ သို့မဟုတ် သင်သည် ယုံကြည်သူများ၏နေ့စဉ်အသက်တာတွင် ဝိညာဉ်တော်၏လုပ်ဆောင်မှုကို လျှော့နည်းစေသည့် အသင်းတော်တစ်ခုမှ ဖြစ်နိုင်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုနှင့်ပတ်သက်၍ သမ္မာကျမ်းစာ၏အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ကျွန်ုပ်တို့ဆွေးနွေးမည့်အရာသည် ကျွန်ုပ်တို့တစ်ဦးစီကို စိတ်ချမှုရှိစေပြီး စိန်ခေါ်မှုဖြစ်စေမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင်၊ ဝိညာဉ်တော်၏လုပ်ဆောင်ပေးမှုကို လုံးဝအပ်နှံရပါမည်၊ သမ္မာကျမ်းစာကိုယ်တိုင်က ၎င်းကို အထူးနည်းလမ်းများဖြင့် လုပ်ဆောင်ရန် ကျွန်ုပ်တို့ကိုသွန်သင်ထားသည်။ သန့်ရှင်းသောဝိညာဉ်တော်ကို လျစ်လျူရှုခြင်းသည် အလွန်မိုက်မဲခြင်းဖြစ်ပြီး၊ သမ္မာကျမ်းစာတွင် သွန်သင်ထားသည့်အတိုင်း သူ့ကို အာရုံစိုက်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် သန့်ရှင်းသော ဝိညာဉ်တော်ကို မှီခိုအားကိုးခြင်းဟူသည် အဘယ်နည်း။

သမ္မာကျမ်းစာကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် သန့်ရှင်းသောဝိညာဉ်တော်သည် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြောင်း ယုံကြည်သူအများစုသည်သီအိုရီအရ အသိအမှတ်ပြုကြသည်။ သို့သော် ပညာရပ်ဆိုင်ရာ ခေတ်သစ်စာအုပ်များနှင့် သမ္မာကျမ်းစာအနက်ပြန်ခြင်းဆိုင်ရာ ဟောပြောချက်များသည် သန့်ရှင်းသောဝိညာဉ်တော်၏အခန်းကဏ္ဍကို မကြာခဏ အာရုံစိုက်လေ့မရှိပါ။ ယင်းအစား၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာအနက်ပြန်ခြင်းကို ပုဂ္ဂိုလ်စွဲကင်းသောဖြစ်ရပ်တစ်ခုအဖြစ်လည်းကောင်း၊ ကျမ်းပိုဒ်တစ်ခုကိုနားလည်ရန်အခြေခံမူများစာရင်း သို့မဟုတ် နည်းလမ်းများကို အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်တစ်ခုအဖြစ် သဘောထားသည်။ သို့သော် လူသားအနက်ပြန်သူများနှင့် သန့်ရှင်းသော ဝိညာဉ်တော်အကြား အပြန်အလှန်ဆက်သွယ်မှုပါဝင်သောကြောင့် သမ္မာကျမ်းစာအနက်ပြန်ခြင်း ရှုထောင့်မှကြည့်လျှင် အနက်ပြန်ခြင်းသည်အလွန်ပုဂ္ဂိုလ်ရေးဆန်ပါသည်။

အနက်ပြန်ခြင်းတွင် သန့်ရှင်းသောဝိညာဉ်တော်ကို မှီခိုအားထားမှုသည် အနည်းဆုံးအကြောင်း ရင်းနှစ်ခုအတွက် အရေးကြီးပါသည်။ ပထမ၊ ဝိညာဉ်တော်သည် သမ္မာကျမ်းစာမှုတ်သွင်းမှု၏အရင်း အမြစ်ဖြစ်သည်။ ဒုတိယ၊ သန့်ရှင်းသောဝိညာဉ်တော်သည် လူသားအနက်ပြန်သူများကို အလင်းပေးသည်။ မှုတ်သွင်းခြင်းနှင့်ပတ်သက်၍ ဦးစွာလေ့လာကြပါစို့။

# မှုတ်သွင်းခြင်း

ကျွန်ုပ်၏ခရစ်ယာန်အသက်တာတွင် ခက်ခဲသောအချိန်များ၌ ကျွန်ုပ်ကိုကူညီပေးခဲ့သောစာအုပ်များကိုရေးသားသည့် နာမည်ကြီးစာရေးဆရာတစ်ဦးနှင့် တွေ့ဆုံခွင့်ရခဲ့သောအချိန်ကို သတိရမိသည်။ သူနှင့်အတူထိုင်ပြီး သူ၏စာအုပ်များသည် ကျွန်ုပ်အတွက် မည်မျှအဓိပ္ပာယ်ရှိကြောင်းပြောပြဖို့ရန် အလွန်စိတ်လှုပ်ရှားနေခဲ့သည်။ စကားဝိုင်းတစ်ခုတွင်၊ သူ၏စာအုပ်များမှ အထူးအကျိုးကျေးဇူးရရှိခဲ့သည့် ထိုးထွင်းသိမြင်မှုအကြောင်း သူ့ကိုပြောပြခဲ့သည်။ သို့သော် ကျွန်ုပ်အံ့သြခဲ့သည်မှာ၊ သူသည်ကျွန်ုပ်ကို ကြည့်ပြီးပြောသည်မှာ “မင်းမှားနေပြီ! အဲဒါငါရေးတာမဟုတ်ဘူး!"ဟုဆိုသည်။ ပြောရမည်ဆိုလျှင်၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်ရှက်သွားမိသည်။ သို့သော် အသက်ပြင်းပြင်းရှူပြီး "စာအုပ်ရေးတဲ့လူက ဘာကိုဆိုလိုတယ်ဆိုတာ ကျွန်တော့်ထက်ပိုသိမယ်ထင်တယ်"ဟုသူ့အားဝန်ခံခဲ့သည်ကို သတိရမိသည်။

နည်းလမ်းများစွာ၌၊ သမ္မာကျမ်းစာနှင့် အလားတူဖြစ်ပါသည်။ ဘုရားသခင်၏သန့်ရှင်းသော ဝိညာဉ်တော်သည် သမ္မာကျမ်းစာ၏စကားလုံးတိုင်းကို မှုတ်သွင်းခဲ့သည်။ ဤသဘောဖြင့်၊ သူသည် သမ္မာကျမ်းစာကို ရေးသားသူဖြစ်သည်။ ထို့ကြောင့် သူ၏စာအုပ်နှင့်ပတ်သက်၍ သူ့ထံမှ ထိုးထွင်းသိမြင်မှုကို ကျွန်ုပ်တို့ရှာဖွေသင့်သည့်အကြောင်းပြချက်သာ ရှိသည်။ အခြေခံသဘောအရ၊ မှုတ်သွင်းခြင်းအယူဝါဒသည် ဤသို့ဆိုသည်_

> သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ဗျာဒိတ်တော်ကို
> သမ္မာကျမ်းစာအဖြစ် ရေးသားရန်လူသားများအား လှုံ့ဆော်ခဲ့ပြီး၊
> ၎င်းတို့၏ရေးသားမှုများကို မမှားယွင်းစေသည့်နည်းလမ်းဖြင့်
> ၎င်းတို့၏လုပ်ဆောင်မှုအပေါ် ကြီးကြပ်ခဲ့သည်။

၂ ပေတရု ၁:၂၀-၂၁ တွင် ဤအယူအဆနှင့်ပတ်သက်၍ ပေတရုဖော်ပြပုံကို နားထောင်ပါ_

> ကျမ်းစာ၌ပါသော အနာဂတ္တိစကားမည်သည်ကား၊ ကိုယ်အလိုအလျောက်
> အနက်မပေါ်ဟု ရှေ့ဦးစွာသိမှတ်ကြလော့။ အကြောင်းမူကား၊
> အနာဂတ္တိစကားသည် လူအလိုအားဖြင့် ဖြစ်ဖူးသည်မဟုတ်၊
> ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏
> တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏ (၂ ပေတရု ၁:၂၀-၂၁)။

ဤကျမ်းပိုဒ်တွင်၊ ကျမ်းစာပရောဖက်ပြုချက်အားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်မှ အစပြုကာ၊ ဝိညာဉ်တော်သည် ဘုရားသခင်၏ဗျာဒိတ်တော်ကိုချရေးရန် လူသားတို့အားလှုံ့ဆော်ပေးသည်ဟု ပေတရုဆိုသည်။ ဤလုပ်ငန်းစဉ်သည် ၎င်းတို့ရေးသားခဲ့သည့်အရာသည် လုံးဝမှန်ကန်ကြောင်းနှင့် လူသားကျမ်းရေးသူများ၏ စကားများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း သေချာစေပါသည်။ ၂ တိမောသေ ၃:၁၆ တွင် ပေါလုက သမ္မာကျမ်းစာရှိသမျှသည် အလားတူ မှုတ်သွင်းခံရကြောင်း ဖော်ပြခဲ့သည်။

> သမ္မာကျမ်းစာသည် အစမှအဆုံးထိ အပြန်အလှန်ချိတ်ဆက်ထားသော
> သမ္မာတရားအစစ်အမှန်ဖြစ်ပြီး၊ အသက်တွင်အခြေခံထားသည့်
> သက်ရှင်ခြင်းအတွက်နှုတ်ကပတ်တော်ဖြစ်ပြီး၊ ဘဝ၏လိုအပ်ချက်
> အားလုံးကိုဖြည့်ဆည်းပေးသည့် အံ့သြဖွယ်သောစာအုပ်ဖြစ်သည်။
> သန့်ရှင်းသောဝိညာဉ်တော်သည် ကျမ်းရေးသူဖြစ်သောကြောင့် ၎င်းသည်
> သမ္မာတရားဖြစ်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်သည် မိမိကိုယ်ကိုဆန့်ကျင်ဘက်
> သို့မဟုတ် ဆန့်ကျင်ရန် မဖြစ်နိုင်ပေ...ယေရမိ သို့မဟုတ် ပေါလု သို့မဟုတ်
> ဩဗဒိ သို့မဟုတ် ယောန စသည်တို့ကို သင်ဖတ်ခြင်းသည် အရေးမကြီးပါ။

> သူတို့အားလုံးသည် မတူညီသော စကားလုံးများကို သုံးကြသော်လည်း ထိုစကားလုံးများ၏ နောက်ကွယ်ရှိ ဝိညာဉ်တော်သည် အတူတူပင်ဖြစ်သည်၊ အကြောင်းမှာ တပါးတည်းသောဝိညာဉ်တော်က ရွေးချယ်ထားသော စကားလုံးများကို မှုတ်သွင်းပေးသောကြောင့် ဖြစ်သည်။
>
> **— Rev. Dr. Stephen Tong**

ခရစ်တော်နှင့် သူ၏တပည့်များသည် ကျမ်းစာရေးသူများကို သန့်ရှင်းသောဝိညာဉ်တော် မှုတ်သွင်းသည်ဟူသော အယူအဆကို ကတိပြုခဲ့ကြသည်။ ခရစ်တော်နောက်လိုက်ရန် ကြိုးစားသူများ သည် သမ္မာကျမ်းစာသည်မှုတ်သွင်းခံရကြောင်းကို တစ်နည်းတစ်လမ်းအရ အတည်ပြုကြသည်။ သို့တိုင်၊ ခရစ်ယာန်ယုံကြည်ခြင်းကို ခံယူသူများသည် မှုတ်သွင်းခြင်း၏သဘောသဘာဝကို နည်းလမ်းအမျိုးမျိုး ဖြင့် နားလည်သဘောပေါက်ရန် ကြိုးပမ်းကြသည်။

ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ ခေတ်သစ်အသင်းတော်တွင် အထင်ကရဖြစ်သော မှုတ်သွင်းခြင်းဆိုင်ရာအမြင်သုံးခုကို အာရုံစိုက်ပါမည်။ ဦးစွာ၊ လူအချို့သည် မှုတ်သွင်းခြင်း၏ "စိတ်ကူး ယဉ်အမြင်" ဟုခေါ်သည့်အရာကို ယုံကြည်ကြသည်။ ဤအမြင်အရ၊ သန့်ရှင်းသောဝိညာဉ်တော်သည် လောကီကဗျာဆရာများ သို့မဟုတ် ဂီတပညာရှင်များကို ၎င်းတို့၏ကိုယ်ပိုင်လက်ရာများရေးဖွဲ့ရန် လှုံ့ဆော်ခံရသည့်ပုံစံနည်းတူ၊ ကျမ်းစာရေးသူများကိုလည်း မှုတ်သွင်းခဲ့သည်။ သူတို့၏အမြင်တွင်၊ သမ္မာကျမ်းစာသည် ဘုရားသခင်၏ မှားယွင်းမှုကင်းသောသမ္မာတရားမဟုတ်၊ လူသားစာရေးသူများ၏ ပုဂ္ဂိုလ်ရေးထင်ဟပ်ချက်များနှင့် ယူဆချက်များသာဖြစ်သည်။

ဒုတိယ၊ အခြားခရစ်ယာန်များသည် "စက်ရုပ်ကဲ့သို့ မှုတ်သွင်းခြင်း"ဟု ခေါ်သည့်အရာကို ယုံကြည်ကြသည်။ ဤအမြင်အရ သမ္မာကျမ်းရေးသူတို့ ကျမ်းရေးသည့်အခါ အသက်မပါ၊ တက်ကြွခြင်း အလျှင်းမရှိဘဲ ရေးခဲ့ကြသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် အခြေခံအနှစ်သာရအားဖြင့် ကျမ်းစာ ကိုနှုတ်တိုက်ချပေးပြီး ကျမ်းရေးသူ လူသားများက သူပြောသည့်အရာကို မှတ်တမ်းတင်ခဲ့ကြသည်။

တတိယ၊ ယုံကြည်သူခရစ်ယာန်အများစုသည် ဝိညာဉ်တော်၏မှုတ်သွင်းခြင်းလုပ်ငန်းသည် "သဘာဝကျ" ကြောင်း အခိုင်အမာဆိုသည်။ ဤအမြင်အရ သန့်ရှင်းသော ဝိဉာဉ်တော်သည် ကျမ်းရေး သားရန် စာရေးသူ လူသားများကို စေ့ဆော်တိုက်တွန်းတော်မူခဲ့ပြီး သူတို့၏စကားလုံးများအားလည်း ကြီးကြပ်လမ်းညွှန်ခဲ့သည်။ အကျိုးရလာဒ်အားဖြင့် ကျမ်းစကားလုံးများသည် ဘုရားသခင်၏စကားများ ဖြစ်ကြသည်။ တစ်ချိန်တည်းမှာပင်၊ သန့်ရှင်းသောဝိဉာဉ်တော်သည် လူတို့၏အရေးအသားကို ကြီးကြပ် လမ်းညွှန်ရင်း လူသားတို့၏ ပုဂ္ဂိုလ်ရေးအစွမ်းအစများ၊ အတွေ့အကြုံများ၊ ရှုထောင့်အမြင်များ၊ စိတ်နှ လုံး သဘောထားများကို အသုံးပြုခဲ့သည်။ သို့ဖြစ်၍ ကျမ်းစကားလုံးများသည် ၎င်းကို ရေးသားသည့် ကျမ်းရေးသူလူသားတို့၏ စကားများဖြစ်ခြင်းသည်လည်း အမှန်ပင်ဖြစ်ပါသည်။ ဤတတိယရှုထောင့် အမြင်သည် မှုတ်သွင်းခြင်း သဘောသဘာဝအကြောင်း ကျမ်းစာကိုယ်တိုင်၏ သက်သေခံချက်ကို အကောင်းဆုံး ထင်ဟပ်သောအမြင်ပင် ဖြစ်ပါသည်။

> သမ္မာကျမ်းစာကို ဖတ်ရှုခြင်းသည် အလွန်စွဲမက်ဖွယ်ကောင်းသော ဖြစ်စဉ်တစ်ခုဖြစ်သည်၊ အကြောင်းမှာ ၎င်းကို စာရေးဆရာများစွာက နှစ်ပေါင်းရာနှင့်ချီ၍ ဖန်တီးထားပြီး၊ သူတို့၏ရေးသားပုံ၊ ပတ်ဝန်းကျင်ရှိ လူများနှင့် သူတို့၏ဆက်စပ်ပုံ၊ သူတို့အသုံးပြုသောဘာသာစကားနှင့် ကိုယ်ရည်ကိုယ်သွေးများကို သင်မြင်ရသောကြောင့် ဖြစ်သည်။ ထို့ကြောင့်၊ ၎င်းတို့၏ကိုယ်ရည်ကိုယ်သွေးများသည် ဘုရားသခင်၏နှုတ်ကပတ်တော်အတွက် အရေးကြီးပါသည်။ အကြောင်းမှာ ဘုရားသခင်သည် မတူညီသော နည်းလမ်းများစွာဖြင့် ၎င်းတို့ကိုအသုံးပြုသည်။ ဥပမာ၊ စာရေးသူများတွင် ယဇ်ပုရောဟိတ်များရှိသည်၊ လယ်သမားရှိသည်၊ နွားကျောင်းသောသူရှိသည်၊ ရှင်ဘုရင်ရှိသည်၊ ဆေးဆရာရှိသည်၊ ကျွန်ုပ်တို့၏အတိုင်းအတာအရ "ဟောဖြဲတက္ကသိုလ်" မှ Ph.D.ဘွဲ့ရ တမန်တော်ပေါလုသည် ဓမ္မဟောင်းကျမ်းအပြင် ဂရိယဉ်ကျေးမှုနှင့် ဂရိဘာသာစကားတို့ကို အံ့သြဘွယ်နားလည်သောသူဖြစ်ပြီး၊ သူသည် ဓမ္မပညာဆိုင်ရာ တွေးခေါ်မှုဆိုင်ရာ သင့်လျော်သည့်ဖော်ပြချက်ကို ဂရိဘာသာစကားမှထုတ်ယူနိုင်မှုသည် ရှိခဲ့ဖူးသမျှသောဘာသာစကားထက် ပို၍ကောင်းနိုင်သည်။
>
> **ဒေါက်တာ Howard Eyrich**

ဥပမာ၊ ၂ ပေတရု ၃:၁၅ တွင် သဘာဝမှုတ်သွင်းခြင်းနှင့်ပတ်သက်၍ ပေတရု၏ဖော်ပြပုံကို နားထောင်ပါ_

> ငါတို့ချစ်သော ညီပေါလုသည်၊ မိမိခံရသော ဉာဏ်ပညာအတိုင်း သင်တို့အားရေး၍ပေးလိုက်သောစာ၌၎င်း၊ (၂ ပေတရု ၃:၁၅)။

ဤကျမ်းပိုဒ်တွင် ပေါလု၏စာများကို မည်သို့လက်ခံသင့်သည်ကို ပေတရုဖော်ပြခဲ့သည်။ တစ်ဖက်တွင်မူ "ပေါလုရေးသည်" ဟုဆိုသည်။ ထို့ကြောင့် ပေတရုသည် သူ၏စာများတွင် ပေါလု၏ ပါဝင်ပတ်သက်မှုကို အတည်ပြုခဲ့သည်။ သို့သော် အခြားတစ်ဖက်တွင်၊ ပေတရုသည် ဤစာများကို ပေါလုအားသာ ရည်ညွှန်းခြင်းမဟုတ်ပါ။ "မိမိခံရသော ဉာဏ်ပညာအတိုင်း" ဟုပေါလုရေးသားခဲ့သည် ကို သူသည်မှတ်သားခဲ့သည်။ ပေါလု၏စာများသည် ဘုရားသခင်၏ဉာဏ်ပညာကို ကိုယ်စားပြုသည်။ အကြောင်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းညွှန်မှုကြောင့်ဖြစ်သည်။

> ဤသည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ပတ်သက်၍ မှန်ကန်သည်_ သမ္မာကျမ်းစာရှိ စကားလုံးတိုင်းကို သန့်ရှင်းသော ဝိညာဉ်တော် မှုတ်သွင်းထားသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ပတ်သက်သော ဤအချက်သည်လည်း မှန်ကန်ပါသည်_ ထိုစကားလုံးတိုင်းကို လူသားစစ်စစ်တစ်ဦးမှ အံ့သြဖွယ်ကောင်းသော နည်းလမ်းဖြင့်

ရေးသားခဲ့ခြင်းဖြစ်ပြီး၊ ကျမ်းရေးသူတိုင်း၏ ဆုကျေးဇူးများနှင့် အတွေ့အကြုံများကို ဘုရားသခင်သည်အချုပ်အခြာအာဏာဖြင့် ချုပ်ကိုင်ထားသောကြောင့် သူတို့၏ ကိုယ်ရည်ကိုယ်သွေး၊ သူတို့၏ စာပေပုံစံသည် ဖြစ်ပေါ်လာကာ တစ်ချိန်တည်းတွင် သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်။ ဥပမာ၊ သင်သည် ယေရမိကိုဖတ်သောအခါ၊ ဘုရားသခင်၏လူမျိုးအတွက် ကိုယ်တော်၏ဝမ်းနည်းပူဆွေးမှုနှင့် စိတ်အားထက်သန်မှုကို သင်သည်ခံစားရလိမ့်မည်။ ရှင်လုကာခရစ်ဝင်ကျမ်းကို သင်ဖတ်သောအခါ၊ ဆေးဘက်ဆိုင်ရာအသေးစိတ်အချက်အလက်များအပေါ်သူ၏ဂရုတစိုက်မှုနှင့် သူ၏သမိုင်းကို ချစ်မြတ်နိုးပြီး တိကျသောသမိုင်းကို သင်ခံစားရလိမ့်မည်။ ဆိုလိုသည်မှာ၊ ဤကျမ်းရေးသူများ၏ ကိုယ်ရည်ကိုယ်သွေးများနှင့် ၎င်းတို့၏ အတွေ့အကြုံများသည် သမ္မာကျမ်းစာတွင် တောက်ပြောင်ထင်ရှားနေသော်လည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ဘုရားသခင်၏ ကိုယ်ပိုင် အခွင့်အာဏာ၊ မှုတ်သွင်းခြင်းနှင့် တန်ခိုးများကို မဆုံးရှုံးစေဘဲ ထိုသို့ဖြစ်ပျက်နေခြင်းဖြစ်သည်။

**ဒေါက်တာ Philip Ryken**

သမ္မာကျမ်းစာဖတ်သူတိုင်းသည် ပုံစံများကွဲပြားကြကာ ကျမ်းရေးသူများသည်လည်း ၎င်းတို့၏ကိုယ်ပိုင်ဆုကျေးဇူးများကို အသုံးပြုကြသည်ကို သိမြင်နိုင်သည်။ အကြောင်းမှာ မတူညီသောကျမ်းရေးသူများ၏ မိမိကိုယ်ကိုထုတ်ဖော်ပြောဆိုပုံ ကွဲပြားခြင်းနှင့် အကြောင်းအရာကိုတင်ပြရန် ဤကျမ်းရေးသူများ၏ မတူညီသောရွေးချယ်မှုများကြောင့် ဖြစ်သည်။ ဥပမာအားဖြင့်၊ ခရစ်ဝင်ကျမ်းများတွင် သရုပ်မဆောင်တတ်သည့် မာကုရှိသည်... သို့မဟုတ် များစွာသရုပ်ဆောင်လေ့ရှိသူဖြစ်သည်၊ သို့သော် ရှင်ယောဟန် ခရစ်ဝင်ကျမ်းသည် မတူညီသောစိတ်ဝင်စားမှုကို ထင်ဟပ်စေသည့် ဟောပြောချက်များနှင့် ပြည့်နှက်နေသော်လည်း သူ၏ဟောပြောချက်များကို အနိမ့်ဆုံးအထိ ထိန်းသိမ်းထားသည်။ ထို့ကြောင့် ဤကျမ်းရေးသူများသည် သူတို့၏ကိုယ်ပိုင်ပုံစံ၊ ကိုယ်ပိုင်နောက်ခံ၊ ကိုယ်ပိုင်အသုံးအနှုန်းများနှင့် ရေးသားကြပြီး၊ ထိုမတူကွဲပြားမှုများကို စာအုပ်များကြားတွင် အလွန်ရှင်းလင်းစွာ တွေ့ရသည်။ ဘုရားသခင်သည် ထိုသူတို့ပြောရမည့်အရာကို ညွှန်ပြပြီး သူတို့ပြောသည့်အရာ၏နောက်ကွယ်တွင်ရှိနေသည့်သဘောဖြင့် သူတို့ကို မှုတ်သွင်းထိန်းချုပ်သော်လည်း၊ ထိုအရာတို့ကို သူတို့၏နည်းလမ်းဖြင့် ဖော်ပြခွင့် ပေးထားသည်။

**ဒေါက်တာ Darrell L. Bock**

အနက်ပြန်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့အားကူညီလမ်းညွှန်ပေးသည့် သဘာဝမှုတ်သွင်းခြင်း၏ အရေးကြီးသောကဏ္ဍနှစ်ရပ်ကို လေ့လာပါမည်_ ပထမ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာ၏ ဘုရားသခင်နှင့်သက်ဆိုင်သော အရင်းအမြစ်ဖြစ်သည်၊ ဒုတိယ၊ သူသည် လူသားကို အသုံးပြုသည့်နည်းလမ်းဖြင့် သမ္မာကျမ်းစာအားထုတ်လုပ်ရန် လုပ်ဆောင်ခဲ့သည်ဟူသောအချက်ဖြစ်သည်။ ဝိညာဉ်တော်သည် သမ္မာကျမ်းစာ၏အဆုံးစွန်သော ဘုရားသခင်နှင့်သက်ဆိုင်သော အရင်းအမြစ်ဖြစ်သည်ဟူသော အယူအဆကို ဦးစွာကြည့်ကြပါစို့။

## ဘုရားသခင်နှင့်သက်ဆိုင်သော အရင်းအမြစ်

သမ္မာကျမ်းစာအားလုံးကို မှုတ်သွင်းပေးသူအနေဖြင့်၊ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာ၏အကြွင်းမဲ့အဓိပ္ပာယ်နှင့် ယင်းအဓိပ္ပာယ်ကို ဆက်သွယ်ပုံတို့ကို ရင်းနှီးစွာသိရှိထားသည်။ ထို့ကြောင့် သမ္မာကျမ်းစာကို အနက်ပြန်ဆိုရန်ပြင်ဆင်ရာတွင် ၎င်းတို့၏ အဆုံးစွန်သောကျမ်းရေးသူအဖြစ် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပုဂ္ဂိုလ်ရေးအရဆက်ဆံခြင်း ပါဝင်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်အား အပြည့်အဝနာခံခြင်းဖြင့်၊ သမ္မာကျမ်းစာကို နှိမ့်ချစွာချဉ်းကပ်ရပေမည်။

> သမ္မာကျမ်းစာကို လေးနက်စွာနားလည်သဘောပေါက်ရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်ကို အားကိုးရန် မရှိမဖြစ်လိုအပ်သည်ဟု ကျွန်ုပ်ထင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကို အားကိုးခြင်းမရှိသူသည် သမ္မာကျမ်းစာ၏သတင်းတရားကိုနားလည်ရန် မဖြစ်နိုင်သည်မှာ ရှင်းပါသည်။ ထိုသို့ဆိုလျှင်၊ သမ္မာကျမ်းစာတွင် ဧဝံဂေလိလုပ်ဆောင်ရန်လုပ်ငန်း မရှိပါ။ သို့သော် ၎င်းကိုနက်ရှိုင်းစွာနားလည်ရန်၊ သန့်ရှင်းသောဝိညာဉ်တော်ကို အားကိုးရန် လုံးဝအရေးကြီးသည်ဟု ယူဆနိုင်သည့် အကြောင်းပြချက်ကောင်း ရှိပါသည်။ အကြောင်းပြချက်မှာ အသင်းတော်သည် ၎င်းအချက်ကို ယုံကြည်လက်ခံသောကြောင့်၊ သန့်ရှင်းသောဝိညာဉ်တော်က ကျမ်းရေးသူများကို မှုတ်သွင်းပေးကြောင်း ပြောဆိုချက်ကို ကျွန်ုပ်သဘောတူပါသည်။ ထို့ကြောင့် ဤကျမ်းရေးသူများမှတဆင့် သန့်ရှင်းသောဝိညာဉ်တော်၏မိန့်တော်မူချက်များကို အပြည့်အဝနားလည်နိုင်ရန်၊ ကျွန်ုပ်တို့သည် ထိုဝိညာဉ်ရေးဆိုင်ရာ အရင်းအမြစ်နှင့် ဆက်သွယ်ရန် လိုအပ်ပါသည်။

**ဒေါက်တာ David R. Bauer**

နေရာများစွာတွင်၊ ကျမ်းရေးသားသူများသည် သမ္မာကျမ်းစာအကြောင်းဖော်ပြရာတွင် သန့်ရှင်းသောဝိညာဉ်တော်၏မှုတ်သွင်းခြင်းကို ပွင့်လင်းစွာအသိအမှတ်ပြုခဲ့ကြသည်။ လူသားကျမ်းရေးသူများ၏ အခန်းကဏ္ဍကိုမငြင်းဆိုဘဲ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာ၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အဆုံးစွန်သောရေးသားသူဖြစ်ကြောင်း သူတို့အသိအမှတ်ပြုကြသည်။ ဥပမာ၊ တမန်တော် ၄:၂၆ တွင် ပေတရုနှင့်ယောဟန်သည် ဆာလံ ၂ ကို ကတိသစ္စာပြုခြင်းဖြင့် အသင်းတော်ကို ဦးဆောင်ခဲ့သည်_

> ကိုယ်တော်ကျွန် ဒါဝိဒ်၏နှုတ်ဖြင့် ဗျာဒိတ်ထားတော်မူသည်နှင့်အညီ၊ (တမန်တော် ၄:၂၆)။

အလားတူပင်၊ ဟေဗြဲ ၃:၇-၈ သည် ဆာလံ ၉၅:၇-၈ အကြောင်းကို ဤနည်းဖြင့်ဖော်ပြသည်_

> ထို့ကြောင့်၊ သန့်ရှင်းသောဝိညာဉ်တော် မိန့်တော်မူသည်ကား၊ ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော်အသံကို ကြားလျက်ရှိသည်ဖြစ်၍၊ (ဟေဗြဲ ၃:၇-၈)။

ဤကျမ်းပိုဒ်များနှင့် အခြားကျမ်းပိုဒ်များစွာတွင်၊ ကျမ်းရေးသူများသည် သန့်ရှင်းသောဝိညာဉ်တော်ကို မှုတ်သွင်းသူအဖြစ် သတ်မှတ်ခဲ့ကြသောကြောင့်၊ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာ၏ အဆုံးစွန်သောရေးသားသူဖြစ်သည်။ သူတို့သည် သမ္မာကျမ်းစာကို ဖတ်ရှုခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် လိုက်နာကျင့်သုံးရန် ပြင်ဆင်ခြင်းတို့အတွက် မှုတ်သွင်းခြင်းဆိုင်ရာနားလည်မှုအပေါ် အားကိုးခဲ့ကြသည်။

သမ္မာကျမ်းစာနှင့်ပတ်သက်၍ ဘုရားသခင့်မူလအစ၏ အရေးကြီးဆုံးသက်ရောက်မှုများထဲမှ တစ်ခုမှာ သမ္မာကျမ်းစာ၏သံသယကင်းသောမှန်ကန်မှုပင် ဖြစ်သည်။ ဝမ်းနည်းဖွယ်မှာ၊ စစ်မှန်သောသူများသည် သမ္မာကျမ်းစာ၏မှုတ်သွင်းခြင်းတွင် ဝိညာဉ်တော်၏ပါဝင်ပတ်သက်မှုကို ယုံကြည်ကြောင်း ရံဖန်ရံခါပြောကြသော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာကို အမှားအယွင်းမှ ကာကွယ်ပေးကြောင်းကိုမူ သူတို့အတည်မပြုကြပါ။ သို့သော် ယောဟန် ၁၄:၁၆-၁၇ တွင် သန့်ရှင်းသော ဝိညာဉ်တော်အကြောင်း ယေရှုပြောခဲ့သောစကားကို နားထောင်ပါ_

> ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တစ်ပါးသောဥပဓ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှာ သင်တို့အားပေးတော်မူမည်။ (ရှင်ယောဟန် ၁၄:၁၆-၁၇)

ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်ကို "သမ္မာတရားကိုပြသော ဝိညာဉ်တော်" ဟုခေါ်ဆိုသော အခါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် အကြွင်းမဲ့သမ္မာတရားဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထို့ကြောင့်၊ ဝိညာဉ်တော်မှုတ်သွင်းထားသောကျမ်းစာများသည်လည်း သမ္မာတရားလုံးဝဖြစ်ကြောင်း ကျွန်ုပ်တို့ စိတ်ချနိုင်ပါသည်။ သူတို့၌ မုသာမရှိ။ တစ်ခုနှင့်တစ်ခုသည် ဆန့်ကျင်မှုမရှိပါ။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ အနက်ပြန်ဆိုခြင်းအတွက် ပြင်ဆင်မှုတစ်စိတ်တစ်ပိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် သူမှုတ်သွင်း ထားသောကျမ်းစာများအပေါ် အကြွင်းမဲ့ယုံကြည်ထိုက်ကြောင်းကို အတည်ပြုရန်ဖြစ်သည်။

> ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဘုရားသခင်မှုတ်သွင်းထားကြောင်း— *theopneustos*—တိမောသေအား ပေါလုပြောပြသည်။ ဘုရားသခင် မှုတ်သွင်းထားပါက အရင်းအမြစ်သည်ပြီးပြည့်စုံကြောင်း၊ မှားယွင်းမှု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မရှိကြောင်းကို ကျွန်ုပ်တို့သိသည်၊ ထို့ပြင် သူ့ထံမှထွက်လာသမျှသည် ညီတူညီမျှပြီးပြည့်စုံမှုရှိပြီး မှားယွင်းမှုကင်းသည်။ ၎င်းသည်၊ မှုတ်သွင်းခြင်းပင် ဖြစ်သည်။ ဝိညာဉ်တော်သည် ၎င်းကိုမှုတ်သွင်းလျှင်၊ ဝိညာဉ်တော်သည် ယခုကျွန်ုပ်အထဲ၌ကျိန်းဝပ်လျှင်၊ နှုတ်ကပတ်တော်ကိုကျွန်ုပ်လေ့လာသောအခါ ငြိမ်ဝပ်မှုရှိရန်၊ အလင်းနှင့်နားလည်မှုရရှိရန်အတွက် ဝိညာဉ်တော်ကိုကိုးစားရန် လိုအပ်ပါသည်။ အကြောင်းမှာ သူသည်ထိုကဲ့သို့ မှုတ်သွင်းထားပြီး၊ ကျွန်ုပ်၏လေ့လာမှုသည် နှုတ်ကပတ်တော်ကို မှုတ်သွင်းထားသူကို ဦးစွာနားလည်မှုအပေါ် အခြေခံထားပါသည်။ စာအုပ်ကိုရေးသားသူထက် သာလွန်သောဆရာဟူ၍ မရှိနိုင်ပါ၊ စာအုပ်ရေးသားသူမှာ ဝိညာဉ်တော်ဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ စိတ်နှလုံးကို အလင်းပေးသောဆရာသည် ဝိညာဉ်တော်ဖြစ်သောအခါ၊ ပြောခဲ့သောအကြောင်းအရာများ၊ မှုတ်သွင်းခဲ့မှုများအား ပထမဦးစွာရေးသားခဲ့သော ဆရာကိုယ်တိုင်ထက် ကျွန်ုပ်အားပိုမိုနားလည်စေနိုင်သူ မည်သူမျှ မရှိနိုင်ပါ။

**ဒေါက်တာ Miguel Nunez**

Hippo မြို့မှဆရာတော် ဩဂုတ်စတင်းသည်သူ၏စာ ၈၂၊ အခန်း ၁၊ အပိုဒ် ၃ တွင် ဤယုံကြည်ချက်ကို ဤသို့ဖော်ပြခဲ့သည်_

> ကျွန်ုပ်သည် ဤလေးစားမှုနှင့် ဂုဏ်အသရေကို ကျမ်းဂန်စာအုပ်များထံသာ ပေးအပ်ရန် လေ့လာသင်ယူခဲ့သည်_ ဤအရာများထဲမှ စာရေးသူများသည် အမှားမှ လုံးဝကင်းစင်ကြောင်း အခိုင်အမာယုံကြည်ပါသည်။

ဩဂုတ်စတင်း၏စကားများသည် ကနဦးအသင်းတော်ရှိ သမ္မာကျမ်းစာ၏သစ္စာတရားအပေါ် လွှမ်းမိုးနေသောအမြင်ကို သရုပ်ဖော်ပြီး၊ သမ္မာကျမ်းစာကိုယ်တိုင်က သင်ကြားသည့်အမြင်ကို ထင်ဟပ်စေသည်။

ယခုအခါတွင်၊ အကောင်းဆုံးအနက်ပြန်သူများကိုပင် စိန်ခေါ်နိုင်သော ကျမ်းဂန်အစိတ်အပိုင်းများစွာရှိသည်ကို သမ္မာကျမ်းစာနှင့် ရင်းနှီးသူတိုင်းသိကြသည်။ ရံဖန်ရံခါ၊ သမ္မာကျမ်းစာသည် သိပ္ပံပညာ၊ ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ရေးအတွေ့အကြုံများနှင့် သမ္မာကျမ်းစာ၏ အခြားကျမ်းပိုဒ်များကိုပင် ဆန့်ကျင်ဘက်ပြုနေပုံပေါ်သည်။ ဤထင်ရှားသောပြဿနာများကို ကျွန်ုပ်တို့ မည်သို့ကိုင်တွယ်ဖြေရှင်းသင့်သနည်း။ ဤပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် အနက်ပြန်သူများတွင် နည်းလမ်းအမျိုးမျိုးရှိကြသည်။ သူတို့၏ဖြေရှင်းချက်အများပိုင်းသည် သမ္မာကျမ်းစာ၏စရိုက်လက္ခဏာကြောင့် ကွဲပြားမှုမရှိပါ၊ သို့သော် ဘုရားသခင်အပေါ်ထားသော အနက်ပြန်သူများ၏သဘောထားသည် ကွဲပြားနိုင်ပါသည်။

တစ်ဖက်တွင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာကို အခွင့်အာဏာဖြင့်မှုတ်သွင်းခဲ့ကြောင်း ငြင်းဆိုသူများသည် သမ္မာကျမ်းစာကိုဝေဖန်အနက်ဖွင့်ကြကာ၊ ဝိညာဉ်တော်၏အခွင့်အာဏာ

ထက် ၎င်းတို့၏ကိုယ်ပိုင်နားလည်မှုကို ပို၍မြှင့်တင်ကြသည်။ အခြားတစ်ဖက်တွင်၊ ဝိညာဉ်တော်၏ မှုတ်သွင်းခြင်းကို အသိအမှတ်ပြုသူများသည် သမ္မာကျမ်းစာ၏သမ္မာတရားကို သူတို့အနေဖြင့် မဖော်ပြနိုင် သို့မဟုတ် သက်သေမပြနိုင်သည့်အခါတွင်ပင် မှန်ကန်ကြောင်းနှင့် သဟဇာတဖြစ်သည်ဟု မျှော်လင့်လျှက်နာခံခြင်းဖြင့် သမ္မာကျမ်းစာကိုဖတ်ရှုကြသည်။

> သမ္မာကျမ်းစာကို ကျွန်ုပ်တို့လေ့လာသောအခါ ကျွန်ုပ်တို့သည် အခြားလူသားတို့၏စာအုပ်တစ်အုပ်ကဲ့သို့ မလေ့လာပါ။ ဘုရားသခင်မှ အံ့ဖွယ်နည်းဖြင့် မှုတ်သွင်းထားသော စာအုပ်တစ်အုပ်အဖြစ် ကျွန်ုပ်တို့ လေ့လာပါသည်။ ဆိုလိုသည်မှာ အခြားစာအုပ်တစ်အုပ်ကိုဖတ်သကဲ့သို့ သမ္မာကျမ်းစာကို ကျွန်ုပ်တို့မဖတ်နိုင်ဟု ဆိုလိုသည်။ ယခုပြောရန်လိုအပ်သည်မှာ၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဘာသာစကား၊ ကျွန်ုပ်တို့၏ပုံစံများဖြင့် သူ့ကိုယ်သူဆက်သွယ်ခဲ့သောကြောင့်၊ ကျွန်ုပ်တို့သည် ထိုအရာများကိုဖော်ပြရန် ရိုးရှင်းသော စာပေအဓိပ္ပာယ်ဖွင့်ဆိုချက်ဖြင့် စတင်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည်၎င်းကို ရပ်တန့်လိုက်ပါက၊ ဤကျမ်းသည် မူလအစတွင် ဘုရားသခင် မှုတ်သွင်းထားရုံသာမက ကျွန်ုပ်တို့၏စိတ်နှလုံးကို ဆက်လက်လှုံ့ဆော်ပေးနေသည့် ဘုရားသခင်၏ကျမ်းဖြစ်သည်ကို မေ့လျော့သွားပါလိမ့်မည်၊ သို့ဖြစ်၍ ကျွန်ုပ်လူသား၏မှားယွင်းခြင်း၊ လူသား၏အပြစ်ဒုစရိုက်သည် သမ္မာကျမ်းစာ၏သမ္မာတရားကို မကျော်လွှန်နိုင်စေရန်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ဤကျမ်းပိုဒ်မှတဆင့် ဘုရားသခင်သည် ကျွန်ုပ်အားမိန့်တော်မူလိုသောအရာကိုနားလည်ရန် စာဖတ်သူနှင့် အနက်ပြန်သူအဖြစ် ကျွန်ုပ်၌အစဉ်မပြတ်လုပ်ဆောင်နေပါမည်။
>
> **ဒေါက်တာ John Oswalt**

> အနက်ပြန်ခြင်းတွင် သန့်ရှင်းသောဝိညာဉ်တော်၏အခန်းကဏ္ဍသည် အဘယ်နည်း။ အလွန်ထင်ရှားသောမေးခွန်းဖြစ်သည်။ တစ်ချက်မှာ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာကို မှုတ်သွင်းထားသောကြောင့်၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ အဓိကရေးသားသူဖြစ်သည့် ကိုယ်တော်နှင့်ပတ်သက်၍ သိရှိနိုင်သမျှကိုထည့်သွင်းစဉ်းစားလိုသည်မှာ ထင်ရှားပါသည်။ ဘုရားသခင်သည် မည်သူဖြစ်သည်ကို နှုတ်ကပတ်တော်မှတစ်ဆင့် ကျွန်ုပ်တို့အား သွန်သင်ပေးသောသူသည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်။ ဒုတိယအချက်မှာ သမ္မာကျမ်းစာကို မှန်ကန်စွာနားလည်ရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်သည် မရှိမဖြစ်လိုအပ်သည်။ ၁ ကောရိန္သု ၂ တွင်ဤအရာကို ပြောဆိုထားသည်။ အခန်းငယ် ၁၄ တွင် ဤသို့ဆိုသည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဇာတိပကတိလူသည် ဘုရားသခင်၏ ဝိညာဉ်တော်အရာတို့ကို မခံမယူ။ ထိုအရာတို့သည် မိုက်မဲသော အရာဖြစ်သည်ဟု ထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ် အားဖြင့်သာ ပိုင်းခြား၍နားလည်နိုင်သောကြောင့်၊ ဇာတိပကတိလူသည် နားမလည်နိုင် (၁ ကောရိန္သု ၂း၁၄)။
>
> ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်ရှိသောသူဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်သူ၏နှုတ်ကပတ်တော်တွင် သွန်သင်ပေးနေသောအရာများကို သစ္စာရှိစွာလက်ခံနိုင်ရန်အတွက်၊ သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ပြီး ကိုယ်တော်၏ဝိညာဉ်တော်နှင့် ကျွန်ုပ်တို့အားပြည့်ဝစေရန် ဘုရားသခင်ထံ တောင်းဆိုရန် လိုအပ်ပါသည်။
>
> **ဒေါက်တာ Vern Poythress**

သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာ၏ဘုရားသခင့်ရင်းမြစ်ဖြစ်သည် ဟူသောအချက်ကို ကြည့်ရှုပြီးနောက်၊ ကျွန်ုပ်တို့ဖော်ပြမည့် သဘာဝမှုတ်သွင်းခြင်းအယူဝါဒ၏ဒုတိယရှုထောင့်မှာ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာကိုထုတ်လုပ်ရန်အတွက် လူသားနည်းလမ်းများကို အသုံးပြုခြင်း ဖြစ်သည်။

## လူ့နည်းလမ်းများ

တခါတရံ ခရစ်ယာန်များသည် Mormons နှင့် Muslims တို့ဆိုကြသော ၎င်းတို့၏သန့်ရှင်းသောကျမ်းများကို လက်ခံရရှိသည့်နည်းအတိုင်း၊ ဘုရားသခင်သည် သမ္မာကျမ်းစာကိုကျွန်ုပ်တို့အားတိုက်ရိုက်ပေးတော်မူသကဲ့သို့ လုပ်ဆောင်ကြသည်။ ဘုရားသခင်သည် မော်မွန်ကျမ်းကို Joseph Smith ထံ အပြည့်အဝအပ်နှင်းခဲ့ကြောင်း Mormon များကယုံကြည်ကြပြီး၊ ကိုရမ်ကျမ်းနှင့်ပတ်သက်၍လည်း ကောင်းကင်မှ ဆင်းသက်လာကြောင်း အစ္စလာမ်တို့ အလားတူပြောဆိုကြသည်။ သို့သော် ဘုရားသခင်သည်ကျွန်ုပ်တို့အား သမ္မာကျမ်းစာကို ဤကဲ့သို့ပေးသည်မဟုတ်ပါ။

၎င်းအစား၊ ဘုရားသခင်သည် လူသားကျမ်းရေးသူများအားဖြင့် ရေးစပ်ထားသော ကျမ်းစောင်များကိုပေးခဲ့သည်။ မတူညီသောလူသားများ၏ဆုကျေးဇူးများနှင့် စွမ်းရည်များမှတဆင့် မိမိကိုယ်ကို ထုတ်ဖော်ပြသခဲ့သည်။ သံသယကင်းစွာဖြင့်၊ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာတွင် လူသားကျမ်းရေးသူများ၏ ဩဇာလွှမ်းမိုးမှု သို့မဟုတ် တည်ရှိနေမှုကို ဖယ်ရှားပစ်နိုင်သည်။ အပိုင်းတစ်ပိုင်းကို လူတစ်ဦးနှင့် အခြားအပိုင်းတစ်ပိုင်းကို အခြားတစ်ဦး ရေးသားထားကြောင်း ကျွန်ုပ်တို့ မည်သည့်အခါမှ မပြောနိုင်စေရန် ကျမ်းပိုဒ်တိုင်းကို သူသည်ထုတ်ဖော်ပြသနိုင်သည်။ သို့သော် သူမလုပ်ခဲ့ပါ။ သူ၏ အဆုံးမရှိဉာဏ်ပညာဖြင့်၊ လူသားကျမ်းရေးသူများ၏ စိတ်ကူးစိတ်သန်းများ၊ စေ့ဆော်မှုများနှင့်ကိုယ်ရည်ကိုယ်သွေးများမှတစ်ဆင့် ပါဝင်လုပ်ဆောင်ရန် ရွေးချယ်ခဲ့သည်။ ထို့ကြောင့်၊ ကျမ်းချက်အနက်ပြန်ခြင်း၌ သန့်ရှင်းသောဝိညာဉ်တော်အပေါ် မှီတည်ခြင်း၏ တစ်စိတ်တစ်ပိုင်းမှာ ဝိညာဉ်တော်သည်သမ္မာကျမ်းစာကို သဘာဝကျစွာမှုတ်သွင်းပုံအားဂုဏ်ပြုခြင်းနှင့် ဝိညာဉ်တော်မှုတ်သွင်းခဲ့သော လူသားကျမ်းရေးသူများ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကို ယုံကြည်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို သူရည်ရွယ်ထားသည့် အတိုင်း အနက်ပြန်ဆိုမည်ဆိုပါက၊ သမ္မာကျမ်းစာသည် မတူညီသောလူများအားဖြင့် ရေးသားထားခြင်း ဖြစ်ပြီး၊ လူသားစာရေးသူတို့၏ ကွဲပြားမှုကိုရောင်ပြန်ဟပ်ကြောင်း နားလည်ရမည်ဖြစ်သည်။

ဥပမာ၊ ခရစ်ဝင်ကျမ်းရေးသူများဖြစ်သော မဿဲ၊ မာကု၊ လုကာနှင့် ယောဟန်တို့သည် ယေရှု၏ အသက်တာ၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ တူညီသောဖြစ်ရပ်များကို အခြေခံအားဖြင့် ဖော်ပြကြသည်။ သို့သော် သူတို့၏ကျမ်းများသည် ထပ်တူမကျပါ။ မဿဲသည် မာကုနှင့် ကွဲပြားသည်။ မာကုသည် လုကာနှင့် ကွဲပြားသည်။ လုကာသည် ယောဟန်နှင့် ကွဲပြားသည်။ ဤသည်မှာ သမ္မာကျမ်းစာ ၏ ချို့ယွင်းချက်မဟုတ်ပါ။ ၎င်းသည် သမ္မာကျမ်းစာကိုမှုတ်သွင်းရန် သန့်ရှင်းသောဝိညာဉ်တော် ရွေးချယ်သည့် နည်းလမ်းတစ်ခုဖြစ်သည်။

သမ္မာကျမ်းစာသည် သဘာဝကျစွာမှုတ်သွင်းထားသောကြောင့်၊ ဘုရားသခင်၏ကျမ်းရေးသူ ဖြစ်ခြင်းနှင့် လူသား၏ကျမ်းရေးသူဖြစ်ခြင်းနှစ်ခုလုံးကို ကျွန်ုပ်တို့ အစဉ်အမြဲအသိအမှတ်ပြုရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို အနက်ပြန်ဆိုရန် မိမိကိုယ်ကို ပြင်ဆင်သောအခါတွင်၊ သန့်ရှင်းသောဝိညာဉ်တော်၏အလိုတော်ကို ရှာဖွေနေခြင်းဖြစ်ကြောင်း မှတ်သားထားရန် အရေးကြီး သည်။ သို့သော် ထိုနေရာတွင် ရပ်တန့်လိုက်လျှင်၊ ကျွန်ုပ်တို့၏ပြင်ဆင်မှုသည် ပြီးပြည့်စုံမည် မဟုတ်ပါ။ ဝိညာဉ်တော်သည် လူသားများ၊ ၎င်းတို့၏ကိုယ်ရည်ကိုယ်သွေးများ၊ ၎င်းတို့၏အတွေ့အကြုံများ၊ ရှုထောင့်များနှင့် အလေးပေးမှုများမှတစ်ဆင့် လုပ်ဆောင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါ သည်။ သမ္မာကျမ်းစာ၏ စကားလုံးတိုင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်။ သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဝိညာဉ်တော်မှုတ်သွင်းထားသော လူသားများမှတစ်ဆင့် ကျွန်ုပ်တို့ ဆီသို့ရောက်ရှိလာပြီး၊ သူတို့သည်မတူညီသောအချိန်များတွင် ပုံစံအမျိုးမျိုးဖြင့် ရေးသားခဲ့ကြသည်။ ထို့ကြောင့်၊ ဘုရားသခင်၏ဝိညာဉ်တော်သည် လူသားကျမ်းရေးသူများမှတစ်ဆင့် နည်းလမ်းအမျိုးမျိုး ဖြင့် မိန့်တော်မူကြောင်း သိရှိနားလည်ထားရန် ကျွန်ုပ်တို့အစဉ်အမြဲ ပြင်ဆင်ထားရမည်ဖြစ်သည်။

သမ္မာကျမ်းစာ၏မှုတ်သွင်းခြင်းနှင့်ပတ်သက်၍ သန့်ရှင်းသောဝိညာဉ်တော်အပေါ် ကျွန်ုပ်တို့၏ မှီခိုအားထားမှု မည်သို့လိုအပ်သည်ကို တွေ့မြင်ပြီးနောက်၊ ကိုယ်တော်၏ ဆက်လက်အလင်းပေးသည့် လုပ်ငန်းအပေါ် ကျွန်ုပ်တို့မှီခိုအားထားပုံတို့ကို အာရုံစိုက်ကြည့်ကြပါစို့။

## အလင်းပေးခြင်း

သမ္မာကျမ်းစာအနက်ပြန်ခြင်း၏အကြောင်းအရာတွင်၊ အလင်းပေးခြင်းကို အောက်ပါအတိုင်း သတ်မှတ်နိုင်သည်_

> သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ငန်းသည် လူသားတစ်ဦးထံ သမ္မာကျမ်းစာကို မှန်ကန်စွာနားလည်သဘောပေါက်စေခြင်း ဖြစ်သည်။

> လုပ်ငန်းနှစ်ခု ခွဲခြားနိုင်ပါသည်။ တစ်ခုမှာ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာ၏မူလလူသားကျမ်းရေးသူများထံ ရောက်ရှိလာပြီး၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အစွမ်းများပေးခြင်းဖြင့် ၎င်းတို့ရေးသားသည့်အရာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ပြီး၊ လူသားပြောသည့်စကားမဟုတ်ဘဲ ဘုရားသခင်မိန့်တော်မူသည့်အရာသာဖြစ်စေရန် မှုတ်သွင်းသည့်အလုပ်ဖြစ်သည်။ အလင်းပေးခြင်းသည် ကျွန်ုပ်တို့နှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်တည်ရှိရာနေရာဖြစ်သည်။ သူသည် ခရစ်ယာန်ယုံကြည်သူများတွင်ကျိန်းဝပ်ပြီး သမ္မာကျမ်းစာတွင် သူမှုတ်သွင်းထားသောအရာများကို နားလည်လက်ခံရန် ကျွန်ုပ်တို့၏စိတ်နှလုံးကို ဖွင့်ပေးသည်။

**ဒေါက်တာ Vern Poythress**

သူ၏အလင်းပေးခြင်းအားဖြင့်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား သူ၏နှုတ်ကပတ်တော်များကို အသိပညာပေးသည်။ ထို့ပြင် ဤအသိပညာသည် အသိဉာဏ်သက်သက် မဟုတ်ပါ။ ကျွန်ုပ်တို့၏ စိတ်ကူးစိတ်သန်း၊ ထိုးထွင်းသိမြင်မှု၊ စိတ်ခံစားမှု၊ စိတ်ဆန္ဒ၊ လှုံ့ဆော်မှု၊ အလိုဆန္ဒ၊ ကိုယ်ကျင့်တရားဆိုင်ရာ သြတ္တပ္ပစိတ်တို့ကိုလည်း သက်ရောက်သည်— သမ္မာကျမ်းစာကို ကျွန်ုပ်တို့၏နားလည်မှုကို အထောက်အကူပြုသည့် မည်သည့်အစိတ်အပိုင်းကိုမဆို ဝိညာဉ်တော်အားဖြင့် အလင်းပေးနိုင်သည်။

ကျွန်ုပ်တို့သည် ဂရုတစိုက်တွေးတောကြည့်လျှင် သမ္မာကျမ်းစာသွန်သင်မှုကို နားလည်နိုင်လိမ့်မည်ဟု ခရစ်ယာန်များသည်တစ်ခါတရံ ယူဆကြသည်။ သို့သော် လက်တွေ့တွင်၊ လူသားများသည် ဘုရားသခင်၏အရာများကို ကိုယ်တိုင် မည်သို့မျှနားမလည်နိုင်အောင် အပြစ်၏ဒဏ်ကို ခံစားနေကြရသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား အလင်းပေးရန်အတွက် ဘုရားသခင်ကိုယ်တော်တိုင်—သန့်ရှင်းသောဝိညာဉ်တော်—ကို အလွန်လိုအပ်ပါသည်။ ၁ ကောရိန္သု ၂:၁၁-၁၃ တွင် ဝိညာဉ်တော်၏အလင်းပေးခြင်းအကြောင်း ပေါလုပြောသည်ကို နားထောင်ပါ_

> ထိုနည်းတူ ဘုရားသခင်၏နက်နဲသောအရာကို ဘုရားသခင်၏ဝိညာဉ်တော်မှတပါးအဘယ်သူမျှမသိ။ ငါတို့သည် လောကီဝိညာဉ်ကို မခံရကြ။ ဘုရားသခင်ပေးတော်မူသော အရာတို့ကို သိခြင်းအလိုငှါ ဘုရားသခင်ထံမှ ကြွလာသော ဝိညာဉ်ကိုခံရကြပြီ။ ဘုရားသခင်ပေးတော်မူသော အရာတို့ကို ငါတို့သည် လူပညာကိုအမှီပြု၍ နားလည်သောစကားနှင့် မဟော။ သန့်ရှင်းသောဝိညာဉ်တော်သည် ဝိညာဉ်နှင့် စပ်ဆိုင်သော အရာကို ဝိညာဉ်စကားအားဖြင့် ဖွင့်ပြ၍ ပဲ့ပြင်တော်မူသော စကားနှင့် ငါတို့သည် ဟောကြ၏ (၁ ကောရိန္သု ၂:၁၁-၁၃)။

ဤတွင်၊ ပေါလုသည် ဝိညာဉ်တော်၏လုပ်ဆောင်မှုမရှိဘဲ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြံအစည်များကို နားလည်သဘောပေါက်ရန် မျှော်လင့်ချက်မရှိဟု ရှင်းပြခဲ့သည်။ ထို့ကြောင့် ဝိညာဉ်တော်၏ ပုဂ္ဂိုလ်ရေးအလင်းပေးခြင်းသည် ကျွန်ုပ်တို့၏ သမ္မာကျမ်းစာကိုအနက်ပြန်ခြင်းအတွက် အလွန်အရေးကြီးပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဝိညာဉ်တော်၏အလင်းပေးခြင်းသည် ရှင်းပြရန်ရှည်လျားလှသောအကြောင်းအရာတစ်ခုဖြစ်သည်။ သို့သော် ၁၆၁၆ မှ ၁၆၈၃ ထိအသက်ရှင်ခဲ့သော John Owen ၏ လူသိများသောဆောင်ရွက်မှုတွင်အရေးကြီးဆုံးဖြေရှင်းပြမှုတစ်ခုပေါ်လာသည်။ Owen ၏လက်ရာ *Spiritual Illumination Proved From Scripture* တွင်၊ သူသည်သန့်ရှင်းသော ဝိညာဉ်တော်၏ အလင်းပေးမှုကို ဤနည်းဖြင့် အကျဉ်းချုံးဖော်ပြခဲ့သည်_

> ကျွန်ုပ်တို့သည် ယုံကြည်ခြင်းနှင့် နာခံမှုဖြင့် ဘုရားသခင်ထံတော်သို့လာ၍ ခရစ်တော်၌ တည်နေမည်အကြောင်း ဘုရားသခင်၏ သမ္မာတရားများအားလုံးကို သိနားလည်ရန်နှင့် ယုံကြည်ရန် လိုအပ်သည်။ ကျမ်းစာ၌ပါရှိသော လှည့်ဖြားသောသူတို့၏လက်မှ ကင်းလွတ်စေသကဲ့သို့ သို့မဟုတ် ဘုရားသခင်၏ဗျာဒိတ်တော်များဖြင့် ကျွန်ုပ်တို့အား အဆိုပြုထားသည်။ ဤအရာများကို ကျွန်ုပ်တို့ကိုယ်တိုင် အဆုံးစွန်ထိ နားမလည်နိုင်ပါ။ အကြောင်းမူကား၊ ကျွန်ုပ်တို့တတ်နိုင်လျှင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ကို သွန်သင်ပေးရန် မလိုပေ။ ဤသည်ကား၊ သူသည် ဤအရာအလုံးစုံတို့ကို ကျွန်ုပ်တို့အားသွန်သင်တော်မူ၏၊ ပိုင်းခြား၍ သိမြင်နားလည်နိုင်စေကာ အသိအမှတ်ပြုစေတော်မူ၏။

သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အား "ခရစ်တော်၌တည်နေရန်"အတွက် "ယုံကြည်ခြင်းနှင့် နာခံမှုဖြင့် ဘုရားသခင်ထံတော်၌ အသက်ရှင်ရန်"နှင့် "လှည့်ဖြားသောသူတို့၏လက်မှ ကင်းလွတ်စေ"ရန် ကျွန်ုပ်တို့ လိုအပ်သမျှကို ပေးထားကြောင်း Owen သည်ပညာရှိစွာ ထောက်ပြခဲ့သည်။ သို့သော် မယုံကြည်သူများပင် သမ္မာကျမ်းစာကို မိမိတို့ကိုယ်တိုင် နားလည်သဘောပေါက်စေရန်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား "ပိုင်းခြားသိမြင်နိုင်၊ နားလည်နိုင်၊ အသိအမှတ်ပြုနိုင်"ဖို့ရန်ခွင့်မပြုပါက "ဤအဆုံးတိုင်အောင်" သမ္မာကျမ်းစာကို ကျွန်ုပ်တို့နားမလည်နိုင်ပါ။

> ၂ တိမောသေ ၃:၁၆ တွင် ကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းထားခြင်းဖြစ်သည်ဟု ပြောသောအခါ၊ သမ္မာကျမ်းစာသည် မှုတ်သွင်းခံရခြင်းဖြစ်သည် သို့မဟုတ် ဘုရားသခင်၏စိတ်နှလုံးမှ ပို၍တိကျစွာဖြင့် "အသက်ရှူထုတ်သည်"— မှုတ်သွင်းသည်—ဟူသည့်အယူအဆကို ရည်ညွှန်းသည်၊ ထို့ကြောင့် သမ္မာကျမ်းစာကိုယ်တိုင်ဘုရားသခင်၏ဖြစ်တည်မှုမှ ဆင်းသက်လာခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် တစ်စုံတစ်ခု၏မှုတ်သွင်းခံရခြင်းအကြောင်း ပြောသောအခါ၊ စိတ်အားထက်သန်မှု သို့မဟုတ် တစ်စုံတစ်ခုကို စိုးရိမ်ထိတ်လန့်ခြင်းအကြောင်းပြောကြပြီး၊ "အလင်းပေးခြင်း" ဟူသော စကားလုံးသည်ထိုသဘောတရားနှင့် ပတ်သက်သောအရာဖြစ်ပြီး၊ ဘုရားသခင်၏သမ္မာတရားကို ရှင်းလင်းစွာ နားလည်သဘောပေါက်နိုင်စေဖို့အတွက် ကျွန်ုပ်တို့၏စိတ်များကို ဘုရားသခင်၏သမ္မာတရားသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အလင်းပေးစေခြင်းအလို့ငှာ၊ ကျွန်ုပ်တို့အား ကြောက်ရွံ့မှုနှင့် နားလည်မှုပေးရန် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုများယွင်းမှုကင်းစွာ မှုတ်သွင်းပေးသော သန့်ရှင်းသောဝိညာဉ်တော် လိုအပ်ပါသည်။
>
> **ဒေါက်တာ Simon Vibert**

> မှုတ်သွင်းခြင်းဆိုသည်မှာ ကျမ်းရေးသူကို မှုတ်သွင်းသောအခါဘုရားသခင်ပြု သောအရာဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် မှုတ်သွင်းခြင်းကိုမခံရတော့ပါ။ သို့သော် ကျွန်ုပ်တို့သည်အလင်းပေးခြင်းခံရသည်၊ ဆိုလိုသည်မှာ ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အား ဝိညာဉ်ရေးဆိုင်ရာပိုင်းခြားသိမြင်မှု အလင်းကိုပေးပြီး ဤနှုတ်ကပတ်တော်များ မည်သည့်အရာမိန့်တော်မူသည်ကို နားလည်နိုင်စွမ်းကို ပေးသည်ဟု ဆိုလိုပါသည်။
>
> **— Rev. Thad James, Jr.**

သန့်ရှင်းသောဝိညာဉ်တော်အပေါ် ကျွန်ုပ်တို့၏မှီခိုအားထားမှုသည် မည်မျှအရေးကြီးသည်ကို ယခုကျွန်ုပ်တို့တွေ့မြင်ရပြီဖြစ်၍၊ ပြင်ဆင်မှု၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သမ္မာကျမ်းစာကိုအနက်ပြန်ဆိုရန် လူသား၏ကြိုးပမ်းအားထုတ်မှုလိုအပ်ကြောင်းကို လေ့လာကြပါစို့။

# လူသားများ၏ကြိုးစားအားထုတ်မှု လိုအပ်သည်။

ကျွန်ုပ်တို့သည် လူသားများ၏ ကြိုးပမ်းအားထုတ်မှု လိုအပ်ကြောင်းကို အပိုင်းနှစ်ပိုင်းဖြင့် သုံးသပ်ပါမည်။ ပထမဦးစွာ၊ လူသားတို့၏ ကြိုးပမ်းအားထုတ်မှု၏ အရေးပါပုံကို ကြည့်ပါမည်။ ဒုတိယ၊ လူသားတို့၏ကြိုးပမ်းအားထုတ်မှုကိုအသိပေးသည့် သြဇာလွှမ်းမိုးမှုအချို့ကို ခြုံငုံ၍သုံးသပ်ပါမည်။ လူသားတို့၏ကြိုးပမ်းအားထုတ်မှု၏အရေးပါမှုကို ဦးစွာပြောကြပါစို့။

## အရေးပါမှု

မကြာခဏဆိုသလို၊ စစ်မှန်သောခရစ်ယာန်များသည် သမ္မာကျမ်းစာအနက်ပြန်ခြင်း၌ ဘုရားသခင်၏ဝိညာဉ်တော်၏လုပ်ဆောင်မှုအား လူသားတို့၏ကြိုးပမ်းအားထုတ်မှု၏ဆန့်ကျင်ဘက် အဖြစ် ယူမှတ်လေ့ရှိသည်။ တစ်ခါတစ်ရံ သမ္မာကျမ်းစာကိုကျွန်ုပ်တို့လေ့လာနေချိန်တွင် ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုထက်ကျော်လွန်၍ ဝိညာဉ်တော်သည်လုပ်ဆောင်သည်မှာ မှန်ပါသည်။ သို့သော်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၎င်းသည် သမ္မာကျမ်းစာကို ကျွန်ုပ်တို့အနက်ပြန်ဆိုသည့်အခါ လူသား၏ကြိုးစားအားထုတ်မှုလိုအပ်မှုကို ဖယ်ရှားပစ်ခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့အားဝိညာဉ်တော် အလင်းပေးသော သာမာန်အရိုးရှင်းဆုံးနည်းလမ်းမှာ ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုမှတဆင့် သို့မဟုတ် တွဲဖက်လုပ်ဆောင်ခြင်းဖြစ်သည်။ ဤအကြောင်းကြောင့်၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာအနက်ပြန်ခြင်းကို လူသား၏ကြိုးပမ်းအားထုတ်မှုအတွက် မလျှော့ချဘဲ၊ သမ္မာကျမ်းစာကို ကောင်းစွာနားလည်ရန် အလွန်ခက်ခဲစွာလုပ်ဆောင်ရမည့် အလွန်အရေးကြီးသောနေရာတစ်ခုဖြစ်သည်။

ဝမ်းနည်းဖွယ်မှာ၊ အချို့စစ်မှန်သောခရစ်တော်နောက်လိုက်များသည်၊ သမ္မာကျမ်းစာကိုဖတ်ရှုရန် ပြင်ဆင်သောအခါတွင် လူသား၏ကြိုးစားအားထုတ်မှုကဲ့သို့သော မည်သည့်အရာကိုမဆို လျှော့နည်းအောင်ပြုလုပ်ကြသည်။ ၎င်းအစား၊ သူတို့သည် သမ္မာကျမ်းစာပါကျမ်းပိုဒ်တစ်ခု၏သတင်းစကားသည် ဘုရားသခင်ထံမှ စာဖတ်သူများထံ တိုက်ရိုက်ရောက်လာသည့် “ဝိညာဉ်ရေး” ချဉ်းကပ်နည်းကို နှစ်သက်လေ့ရှိကြသည်။ ဤယုံကြည်သူများသည် သန့်ရှင်းသောဝိညာဉ်တော်အပေါ် ကျွန်ုပ်တို့၏မှီခိုအားထားမှု၏အရေးကြီးမှုကို မှန်ကန်စွာအသိအမှတ်ပြုကြသည်။ ထိုအရာအတွက် သူတို့ကို ကျွန်ုပ်တို့လေးစားနိုင်ပါသည်။ သို့သော် လူသားများ၏ ကြိုးစားအားထုတ်မှုကို သူတို့ရှောင်ကြဉ်ခြင်းသည် သမ္မာကျမ်းစာနှင့် မကိုက်ညီပါ။ ၂တိမောသေ ၂း၁၅တွင် ပေါလုရေးခဲ့သည့်အတိုင်း–

> သင်မူကား ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာ အကြောင်းမရှိဘဲ
> သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမား ဖြစ်လျက်
> ဘုရားသခင့်ရှေ့၌ ကိုယ်ကိုကိုယ် ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့
> (၂တိမောသေ ၂း၁၅)။

ဤအခန်းငယ်တွင်၊ ပေါလုသည် တိမောသေအား နှုတ်ကပတ်တော်သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သူဖြစ်ရန် အားပေးခဲ့သည်။ သို့သော် ပေါလုသည် သူ၏ရှုထောင့်ကိုဖော်ပြသည့် တင်စားချက်ကို သတိပြုပါ။ တိမောသေသည် “အလုပ်သမား” ဖြစ်မည်။ ဤနေရာတွင် တမန်တော်သည် လယ်လုပ်သားများကို ရည်ညွှန်းလေ့ရှိသည့် ဂရိစကားလုံး *ergates* ကို အသုံးပြုခဲ့သည်။ တိမောသေသည် အစွမ်းကုန်ကြိုးစားရမည် သို့မဟုတ် အချို့ဘာသာပြန်ကျမ်းများတွင် ဖော်ပြထားသည့်အတိုင်း သူသည် "လုံ့လဝီရိယရှိ" ရန်ဖြစ်သည်။

သမ္မာကျမ်းစာ၏အနက်ပြန်သူတစ်ဦးအား လုံ့လဝီရိယရှိ၍ အလုပ်ကြိုးစားသောလယ်လုပ်သားတစ်ဦးနှင့် နှိုင်းယှဉ်ခြင်းဖြင့်၊ ပေါလုသည်တိမောသေအား ကျမ်းစာလေ့လာခြင်းတွင် ပြင်းထန်စွာကြိုးစားအားထုတ်ရန် အားပေးခဲ့သည်။ သို့သော် ၎င်းသည်မည်သည့်အရာကို ဆိုလိုသနည်း။ သန့်ရှင်းသောဝိညာဉ်တော်အပေါ် ကျွန်ုပ်တို့အားကိုးခြင်းသည် ကျွန်ုပ်တို့၏လူသားကြိုးစားအားထုတ်မှုနှင့်အပြန်အလှန်မည်သို့အကျိုးသက်ရောက်သနည်း။

> သမ္မာကျမ်းစာကို နားလည်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်
> လုပ်ဆောင်သည့်အရာဖြစ်ပြီး ကျွန်ုပ်တို့လုပ်ဆောင်သည့်အရာမဟုတ်ပါက၊
> သမ္မာကျမ်းစာအနက်ပြန်ဆိုခြင်းတွင် ကျွန်ုပ်တို့အဘယ်ကြောင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> စိုးရိမ်ရန်လိုသနည်း။ ၎င်းအတွက် အဖြေမှာအလွန်ရိုးရှင်းပါသည်။ ဘုရားသခင်သည် ပျင်းရိခြင်းကို မနှစ်သက်ပါ။ တရားဟောရန် မပြင်ဆင်သော ဓမ္မဆရာကို ဘုရားသခင်သည် ဘိသိက်ပေးတော်မမူပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အားဖြင့်လုပ်ဆောင်နေရုံသာမက၊ ကျွန်ုပ်တို့အပေါ်တွင်လည်း လုပ်ဆောင်ပေးနေသောကြောင့်၊ ဘုရားသခင်၏အမှုတော်လုပ်ငန်းတွင် ပါဝင်ရန်မှာ လုံ့လဝီရိယရှိရန် လိုအပ်ပါသည်။ သမ္မာကျမ်းစာအနက်ပြန်ခြင်း လုပ်ငန်းစဉ်တွင်၊ သမ္မာကျမ်းစာတွင်ပြောဆိုသောဖြစ်ပျက်နေသည့်အရာကို ကျွန်ုပ်တို့အားနားလည်စေမည့် အသိဉာဏ်တစ်ခုမျှသာမဟုတ်၊ သက်ဆိုင်ရာကျမ်းပိုဒ်သည် မည်သည့်အရာပြောသည်ကို နားလည်သောသူများ ဖြစ်လာစေရန် ကျွန်ုပ်တို့၌ ဘုရားသခင်လုပ်ဆောင်နေသည့် သန့်ရှင်းသော လုပ်ငန်းစဉ်ရှိပြီး၊ ကျွန်ုပ်တို့သည် ဘုရားသခင်စဉ်းစားစေလိုသည့်အတိုင်း၊ ပုံဖော်ထားသည့်အတိုင်းစဉ်းစားသူ၊ အကြောင်းအရာများကို သူ၏နည်းလမ်းအတိုင်းမြင်သူများ ဖြစ်လာကြသည်။
>
> **– ဒေါက်တာ Carey Vinzant**

သန့်ရှင်းသောဝိညာဉ်တော်အပေါ် မှီခိုခြင်းသည် သမ္မာကျမ်းစာကိုအနက်ပြန်သောအခါ ကျွန်ုပ်တို့သည် မလှုပ်မယှက်ငြိမ်ခံနေသင့်သည်ဟု မဆိုလိုပါ။ အမှန်တကယ်တွင်၊ တာဝန်ရှိသောအနက်ပြန်ခြင်းတွင် ကြိုးစားလုပ်ဆောင်ခြင်း ပါဝင်သည်။ ဝိညာဉ်တော်အပေါ် မှီခိုခြင်းတွင် သူပေးထားသည့် ကိရိယာများနှင့် အခွင့်အလမ်းများအပေါ် မှီခိုအားထားမှု ပါဝင်သည်ဟု ဆိုနိုင်ပါသည်။ နောက်ဆုံးတွင်၊ စာဖတ်သူဘက်မှ လူသား၏ကြိုးစားအားထုတ်မှုအပါအဝင် လူသားနည်းလမ်းဖြင့် ဆက်သွယ်ရန် သမ္မာကျမ်းစာကို သန့်ရှင်းသောဝိညာဉ်တော်သည်ပုံစံပြုထားသည်။

အမှန်တကယ်တွင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကြိုးစားအားထုတ်မှုများကို ပြင်ဆင်ခြင်းတွင်ထည့်သွင်းခြင်းအားဖြင့် ကျွန်ုပ်တို့ကို ပုံမှန်အားဖြင့် အလင်းပေးသည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် အစာစားခြင်းလုပ်ငန်းစဉ်မှတစ်ဆင့် အာဟာရဓာတ်ကို ပုံမှန်ရရှိသကဲ့သို့၊ နှုတ်ကပတ်တော်များကို ပိုမို နားလည်သဘောပေါက်စေရန် ကျွန်ုပ်တို့၏ဖတ်ရှုခြင်းနှင့် လေ့လာမှုလုပ်ငန်းစဉ်အားဖြင့် ဝိညာဉ်တော်သည် လုပ်ဆောင်သည်။

ယခု သမ္မာကျမ်းစာ၏အချို့အပိုင်းသည် အခြားအပိုင်းများထက် လူသား၏ကြိုးစားအားထုတ်မှု ပိုမိုလိုအပ်ကြောင်း ကျမ်းစာဖတ်ရှုသူအများစုရှင်းလင်းစွာ သိသင့်သည်။ အခြားတစ်ဖက်တွင်၊ အချို့သောကျမ်းပိုဒ်များသည် အလွန်ရှင်းလင်းပြီး နားလည်ရန်အားထုတ်မှုအနည်းငယ်သာ လိုအပ်သည်။ ရာစုနှစ်များတစ်လျှောက်၊ ကယ်တင်ခြင်းအတွက် ယုံကြည်ရန်နှင့် နာခံရန် လိုအပ်သောအရာသည် လူတိုင်းနီးပါး နားလည်နိုင်သော သမ္မာကျမ်းစာတွင် တစ်နေရာ သို့မဟုတ် အချို့နေရာတွင် အလွန်ရှင်းလင်းသည်ဟု ပရိုတက်စတင့်များက မှန်ကန်စွာ ခံယူထားသည်။ အခြားတစ်ဖက်တွင်၊ သမ္မာကျမ်းစာ၏ အပိုင်းများစွာသည်အလွန်ခက်ခဲပြီး အချို့မှာ အပြည့်အဝနားလည်ရန်ပင် မဖြစ်နိုင်ပါ။

သို့သော် လက်တွေ့ကျကျပြောရလျှင်၊ ကျမ်းပိုဒ်အများစုသည် ဤအစွန်းနှစ်ဖက်ကြားရှိ အတိုင်းအတာနယ်ပယ်တစ်ခုတွင် ရှိနေသည်။ သမ္မာကျမ်းစာ၏ ပို၍ရှင်းလင်းသောအပိုင်းများသည် ပုံမှန်အားဖြင့်ပြင်ဆင်ခြင်းတွင် လူ့ကြိုးစားအားထုတ်မှု အနည်းငယ်သာလိုအပ်သည်။ သို့သော် သမ္မာကျမ်းစာပါ ပိုခက်ခဲသောကျမ်းပိုဒ်များကို ကျွန်ုပ်တို့ကိုင်တွယ်ဖြေရှင်းသောအခါ၊ လုံလောက်စွာပြင်ဆင်ခြင်းသည် များသောအားဖြင့်လူသား၏ကြိုးစားအားထုတ်မှုအဆင့်ကို တိုးမြှင့်ရန်လိုအပ်သည်။

ထို့အပြင် သမ္မာကျမ်းစာကို အနက်ပြန်ရန် ပြင်ဆင်ရာတွင် လူသားများ၏ အားထုတ်မှု၏ အရေးပါမှုကို အသိအမှတ်ပြုသည့်အပြင်၊ ကျွန်ုပ်တို့လူသားများ၏ ကြိုးစားအားထုတ်မှုအပေါ် ဘုရားသခင်ပေးလေ့ရှိသည့် အဓိကလွှမ်းမိုးမှုအချို့ကိုလည်း သိရှိလာစေရန် ကူညီပေးသည်။

## လွှမ်းမိုးမှု

ယနေ့ခေတ်တွင် စစ်မှန်သော သမ္မာကျမ်းစာအနက်ပြန်သူများကို အဟန့်အတားဖြစ်စေသည့် အရာတစ်ခုရှိနေသည်၊ ၎င်းတို့၏ဘဝအပေါ် ပြင်ပလွှမ်းမိုးမှုများကို မပေါ်လွင်စေသောနည်းလမ်းများဖြင့် သမ္မာကျမ်းစာကို လေ့လာနိုင်သည်ဟု သူတို့ယူဆခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ဘဝအတွေ့အကြုံများကို တစ်နည်းတစ်ဖုံ ဖယ်ရှားပြီး ကြိုတင်ကြံစည်ထားသော အယူအဆများမပါဘဲ သမ္မာကျမ်းစာကို ရိုးရှင်းစွာလေ့လာနိုင်သည်ဟု ကျွန်ုပ်တို့ထင်မြင်ကြသည်။ သို့သော် သမ္မာကျမ်းစာအနက်ပြန်ခြင်းတွင် ကျွန်ုပ်တို့လူသား၏ကြိုးပမ်းအားထုတ်မှုနှင့်ပတ်သက်ပြီး မှတ်သားထားရမည့်အရေးကြီးဆုံးအရာတစ်ခုမှာ ကျွန်ုပ်တို့မည်မျှပင်ကြိုးစားအားထုတ်နေစေကာမူ၊ မရေမတွက်နိုင်သောလွှမ်းမိုးမှုများ၏သက်ရောက်မှုဖြင့် သမ္မာကျမ်းစာကို အမြဲချဉ်းကပ်ကြသည်။ ဤလွှမ်းမိုးမှုများကို ကျွန်ုပ်တို့ ပို၍သိရှိလေ၊ သမ္မာကျမ်းစာကို ကျွန်ုပ်တို့အနက်ပြန်ဆိုရာတွင် ၎င်းတို့သည် ကျွန်ုပ်တို့အား အပြုသဘောဆောင်သည်ဖြစ်စေ၊ မဆောင်သည်ဖြစ်စေ၊ ၎င်းတို့သည် ကျွန်ုပ်တို့ကို ကူညီသည်ဖြစ်စေ သို့မဟုတ် ဟန့်တားသည်ဖြစ်စေ ပိုမိုကောင်းမွန်စွာ ပိုင်းခြားနိုင်လေဖြစ်သည်။

သမ္မာကျမ်းစာကို အနက်ပြန်ဆိုရန် ပြင်ဆင်ရာ၌ ကြိုးစားအားထုတ်မှုအပေါ် အဓိကလွှမ်းမိုးမှု သုံးခုကို ကျွန်ုပ်တို့သုံးသပ်ပါမည်။ ဤလွှမ်းမိုးမှုများသည် အပြန်အလှန်ဆက်နွယ်နေသော်လည်း သာ၍ရှင်းလင်းစေရန် ၎င်းတို့အား သီးခြားစီ လေ့လာပါမည်။ ပထမဦးစွာ ကျွန်ုပ်တို့ဖော်ပြမည့်အရာမှာ သမ္မာကျမ်းစာအားအနက်ဖွင့်ခြင်း Exegesis ဖြစ်သည်။

### အနက်ဖွင့်ခြင်း

ဤအခန်းဆက်ဆောင်းပါး၏ရည်ရွယ်ချက်များအတွက်၊ အနက်ဖွင့်ခြင်းကို အောက်ပါအတိုင်း ကျွန်ုပ်တို့သတ်မှတ်ပါမည်။

> သမ္မာကျမ်းစာကျမ်းပိုဒ်များမှ အဓိပ္ပါယ်ကို ဆွဲထုတ်ခြင်း။

—အထူးသဖြင့် သမိုင်းဆိုင်ရာအကြောင်းအရာ၊ စာပေပုံစံများ၊ သဒ္ဒါနှင့် ဝေါဟာရအသုံးပြုမှု၊ ဓမ္မပညာဆိုင်ရာ သတ်မှတ်ချက်များစသည်တို့ကို ကြည့်ရှုခြင်းဖြစ်သည်။ အနက်ဖွင့်ခြင်းနှင့် ပတ်သက်၍



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့ပြောနိုင်သည့်အရာများစွာရှိသော်လည်း၊ ယခုအချိန်တွင်၊ အတိတ်တွင်ပြုလုပ်ခဲ့သော အနက်ဖွင့်ခြင်းသည် အနက်ပြန်ခြင်းလုပ်ငန်းအတွက် ကျွန်ုပ်တို့ကို ပြင်ဆင်ပေးကြောင်း ထောက်ပြလိုပါသည်။

သမ္မာကျမ်းစာအနက်ဖွင့်ခြင်းနှင့် ကျွန်ုပ်တို့ပါဝင်ပတ်သက်မှုတိုင်းသည် သမ္မာကျမ်းစာကို ထပ်ဆင့်အနက်ပြန်ဆိုခြင်းအတွက် ကျွန်ုပ်တို့ကို ပြင်ဆင်ပေးပါသည်။ သမ္မာကျမ်းစာနှင့် တစ်ကြိမ်တွေ့ဆုံခြင်းမှရရှိခဲ့သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများသည် နောက်တစ်ကြိမ်သမ္မာကျမ်းစာကိုကျွန်ုပ်တို့လေ့လာသည့်အခါ ကျွန်ုပ်တို့အပေါ်လွှမ်းမိုးပါသည်။ ဥပမာအားဖြင့်၊ သမ္မာကျမ်းစာဆိုင်ရာ ဝေါဟာရနှင့် သဒ္ဒါကို လေ့လာသည့်အခါတိုင်း၊ သမ္မာကျမ်းစာ၏ကျကဏ္ဍများကို ပိုမိုယုံကြည်စွာကိုင်တွယ်ဖြေရှင်းနိုင်ရန် ကျွန်ုပ်တို့၏စွမ်းရည်ကို တိုးမြင့်လာစေသည်။ ကျွန်ုပ်တို့သည် ဇာတ်ကြောင်းများ၊ ဥပဒေများ၊ ကဗျာများ၊ ပရောဖက်ပြုချက်များ၊ စကားပုံများ အစရှိသည့် စာပေအမျိုးအစားများကို နားလည်ရန် လုပ်ဆောင်သောအခါ၊ ၎င်းတို့ကို နောင်တစ်ချိန်တွင် ပိုမိုနားလည်ရန် အဆင်သင့်ဖြစ်စေပါသည်။ သမ္မာကျမ်းစာ၏ ရှေးခေတ်သမိုင်းကြောင်းကို ကျွန်ုပ်တို့လေ့လာသည့်အခါ၊ နောက်ထပ်နားလည်မှုများအတွက်သမ္မာကျမ်းစာသို့ ပြန်သွားရန် ပြင်ဆင်ထားပါသည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းတွင် ကျွန်ုပ်တို့ကြိုးစားအားထုတ်မှုတိုင်းသည် နောက်ထပ်လေ့လာမှုအတွက် ကျွန်ုပ်တို့အားပြင်ဆင်ပေးသည်။

အနက်ပြန်ခြင်းဆိုင်ရာ လူသား၏ကြိုးပမ်းအားထုတ်မှုများကို အကျိုးသက်ရောက်စေသည့် ဒုတိယအမျိုးအစားမှာ လူ့အဖွဲ့အစည်းအတွင်း ကျွန်ုပ်တို့၏အပြန်အလှန်တုံ့ပြန်မှု ဖြစ်သည်။

## အပြန်အလှန်တုံ့ပြန်မှု

အခြားသူများနှင့် အပြန်အလှန်ဆက်ဆံခြင်းသည် သမ္မာကျမ်းစာကို နားလည်ရန် ကျွန်ုပ်တို့၏ ကြိုးပမ်းအားထုတ်မှုအပေါ် ဩဇာအရှိဆုံးများထဲမှတစ်ခုဖြစ်သော်လည်း၊ မကြာခဏ လျှော့တွက်ထားခြင်းခံရသည်။ ကျွန်ုပ်တို့အားလုံးသည် သမ္မာကျမ်းစာအား တိုက်ရိုက်အနက်ဖွင့်ချင်ကြသည်။ သို့သော် ကျွန်ုပ်တို့သဘောပေါက်သည်ဖြစ်စေ နားမလည်သည်ဖြစ်စေ၊ အခြားသူများနှင့် ကျွန်ုပ်တို့၏အပြန်အလှန်ဆက်ဆံမှု၏လွှမ်းမိုးမှုမရှိဘဲ သမ္မာကျမ်းစာကို အဓိပ္ပာယ်ဖွင့်ဆိုရန် မဖြစ်နိုင်ပေ။ ထို့ပြင် ၎င်းသည် ကောင်းသောအရာဖြစ်သည်။

သမ္မာကျမ်းစာကို အနက်ပြန်ဆိုရာတွင် ကျွန်ုပ်တို့ကို ကူညီပေးနိုင်သည့် သန့်ရှင်းသောဝိညာဉ်တော်ထံမှ ကြီးမြတ်သောဆုကျေးဇူးများနှင့် ထိုးထွင်းဉာဏ်များကို ပစ္စုပ္ပန်နှင့် အတိတ်ကာလမှ အခြားလူများသည်ရရှိကြသည်။ သူတို့သည် အဖိုးတန်အကိုးအကား လက်ရာများကို ဖန်တီးပေးခဲ့သည်။ သူတို့သည် ကျွန်ုပ်တို့ကို ဝိညာဉ်ရေးရာ အကြံပြုချက်များပေးကြသည်။ သူတို့သည် ကျွန်ုပ်တို့အား သမ္မာကျမ်းစာဘာသာစကားများ၊ စာပေများနှင့် သမိုင်းနှင့် ဘုရားသခင့်နှုတ်ကပတ်တော်ကို နားလည်ပြီး လက်တွေ့ကျင့်သုံးရန် ကူညီပေးသည့် အခြားအရာအားလုံးကို သင်ကြားပေးသည်။ ကျွန်ုပ်တို့လက်ထဲတွင်ကိုင်ထားသော ကျမ်းစာသည်ပင်လျှင် အခြားသူများထံမှ ရောက်ရှိလာခြင်းဖြစ်သည်။ ပညာရှင်များ၊ အနက်ပြန်သူများ၊ တည်းဖြတ်သူများနှင့် ထုတ်ဝေသူများ၏ လုပ်ဆောင်မှုအားဖြင့် ကျွန်ုပ်တို့ထံ ရောက်ရှိလာပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၎င်းအပြင်၊ ကျွန်ုပ်တို့အများစုတွင် ကျွန်ုပ်တို့၏အသင်းတော်များနှင့် ဂိုဏ်းဂဏများအပါအဝင် အိမ်တွင်ရှိနေသကဲ့သို့ခံစားရသည့် သီးခြားခရစ်ယာန်အသိုင်းအဝိုင်းများရှိသည်။ ဤအသိုင်းအဝိုင်းများသည် သမ္မာကျမ်းစာကို ကျွန်ုပ်တို့ဖတ်ရှုကာ နားလည်ပုံအပေါ်လွှမ်းမိုးသော ဘုံဓလေ့ထုံးစံများကို မျှဝေကြသည်။ သင်းအုပ်များ၊ ဆရာများနှင့် အခြားယုံကြည်သူများထံမှ ကျွန်ုပ်တို့ရရှိသောခွန်အားပေးမှုသည် ကျွန်ုပ်တို့ကို နည်းလမ်းများစွာဖြင့် ကူညီပေးပါသည်။

ကျွန်ုပ်တို့သည် အခြားသူများ၏အောင်မြင်မှုများ၊ ကျရှုံးမှုများနှင့် ထိုးထွင်းသိမြင်မှုများမှတစ်ဆင့် တန်ဖိုးရှိသော အရာများစွာကို သင်ယူကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့်တူသောသူများနှင့် မတူသောသူများထံမှလည်းကောင်း၊ အတိတ်မှလူများနှင့်ပစ္စုပ္ပန်လူများထံမှလည်းကောင်း၊ ပုဂ္ဂိုလ်ရေးအရသိကျွမ်းသောသူများနှင့် တစ်ခါမျှ မတွေ့ဖူးသောသူများထံမှလည်းကောင်း လေ့လာသင်ယူကြသည်။ ကျွန်ုပ်တို့သည် ၎င်းကိုအသိအမှတ်ပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ ကျွန်ုပ်တို့၏ကျမ်းစာအနက်ပြန်ခြင်းအားလုံးသည် အခြားသူများ၏နက်ရှိုင်းစွာလွှမ်းမိုးခြင်းခံရသည်။

ပြင်ဆင်ခြင်း၌ကျွန်ုပ်တို့၏ကြိုးပမ်းအားထုတ်မှုများအပေါ် တတိယအဓိကလွှမ်းမိုးမှုမှာ ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ရေးဆိုင်ရာခရစ်ယာန်အတွေ့အကြုံဖြစ်သည်။

## အတွေ့အကြုံ

ခရစ်ယာန်များအဖြစ် ကျွန်ုပ်တို့၏အသက်တာတွင် ကြုံတွေ့ရသမျှအရာသည် ခရစ်ယာန်အတွေ့အကြုံ၏တစ်စိတ်တစ်ပိုင်းဖြစ်သည်၊ အနက်ဖွင့်ခြင်း၊ အခြားသူများနှင့် အပြန်အလှန်ဆက်ဆံခြင်းကဲ့သို့သော ဖော်ပြပြီးဖြစ်သောအရာများ ပါဝင်သည်။ ထို့ကြောင့် သင်ခန်းစာ၏ဤအချက်တွင် ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ရေးဆိုင်ရာခရစ်ယာန်အတွေ့အကြုံ သို့မဟုတ် ဘုရားသခင်နှင့်အတူလျှောက်လှမ်းသည့်အခါတွင် ကျွန်ုပ်တို့ပုံမှန်အားဖြင့်စဉ်းစားလေ့ရှိသည့်အရာများကို အာရုံစိုက်လိုပါသည်။ ခရစ်ယာန်အသက်တာ၏ဤပုဂ္ဂိုလ်ရေးကဏ္ဍများသည် ကျွန်ုပ်တို့၏သမ္မာကျမ်းစာကို နည်းလမ်းမျိုးစုံဖြင့် အနက်ပြန်ခြင်းအပေါ် အထောက်အကူပြုသည်။

ဥပမာ၊ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာကြီးထွားမှုနှင့် အသက်တာသန့်ရှင်းမှုသည် သမ္မာကျမ်းစာကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်စွမ်းအား မြင့်တင်ပေးသည်။ ကျွန်ုပ်တို့နေထိုင်ပုံများသည် သမ္မာကျမ်းစာကို နားလည်သဘောပေါက်နိုင်စွမ်းကို နက်ရှိုင်းစွာအကျိုးသက်ရောက်သည်။ ခရစ်တော်၏နောက်လိုက်များသည် သစ္စာရှိကြသည့်အခါ—ဘုရားသခင်နှစ်သက်သောနည်းလမ်းများဖြင့် တွေးတောကြံဆကာ ကျင့်ကြံခံစားကြခြင်း— သူတို့သည် သမ္မာကျမ်းစာမှ ပိုမိုလေ့လာသင်ယူရန် ပိုမိုကောင်းမွန်စွာပြင်ဆင်ထားသည်ကို တွေ့ရသည်။ သို့သော် ကျွန်ုပ်တို့၏ဘဝသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ကိုက်ညီမှုမရှိပါက၊ သမ္မာကျမ်းစာကိုလေ့လာခြင်းသည် အနက်ပြန်လွဲမှားခြင်းနှင့် လွဲမှားစွာအသုံးချခြင်းသို့ ဦးတည်သွားတတ်သည်။

ကျွန်ုပ်တို့၏အတိတ်မှ အတွေ့အကြုံများသည် ယုံကြည်ထိုက်သောအနက်ပြန်ဆိုနိုင်စွမ်းအပေါ်တွင်လည်း သက်ရောက်မှုရှိနိုင်သည်။ ကျွန်ုပ်တို့၏တွေးခေါ် ပုံ၊ ခံစားပုံ၊ ပြုမူပုံတို့ကို ပုံဖော်ပေးသည့် အတွေ့အကြုံများ ယုံကြည်သူတိုင်းတွင် ရှိကြပါသည်။ ထိုအတွေ့အကြုံများသည် သမ္မာကျမ်းစာကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အနက်ပြန်ဆိုရန် ကျွန်ုပ်တို့၏ကြိုးပမ်းအားထုတ်မှုများကို လွှမ်းမိုးသည်။ ဥပမာ၊ ချမ်းသာသော ပတ်ဝန်းကျင်တွင် ကြီးပြင်းလာသူတစ်ဦးသည် လုကာ၏ခရစ်ဝင်ကျမ်းတွင် ဖော်ပြထားသော ဆင်းရဲသားများအတွက် စိုးရိမ်ပူပန်မှုကို နားလည်ရန် ခက်ခဲပေမည်။ ဂုဏ်အသရေကိုအလေးပေးသော ယဉ်ကျေးမှုတွင် ကြီးပြင်းလာသူတစ်ဦးသည် အရှက်တရားနှင့်ဆိုင်သော ကျမ်းပိုဒ်များကို ပို၍နားလည်နိုင်ဖွယ်ရှိသည်။

ငင်းအပြင်၊ လူတစ်ဦးစီတွင် မတူညီသော ပုဂ္ဂိုလ်ရေးအားသာချက်များနှင့် အားနည်းချက်များ၊ မတူညီသောစွမ်းရည်များနှင့် အမည်းစက်များ၊ သန့်ရှင်းသောဝိညာဉ်တော်ထံမှ မတူညီသောဆုကျေးဇူးများနှင့် ကွဲပြားသောအပြစ်များ ရှိနိုင်ပါသည်။ တစ်နည်းမဟုတ်တစ်နည်းအားဖြင့်၊ ဤအရာများအားလုံးသည် သမ္မာကျမ်းစာကို အနက်ပြန်ခြင်းနှင့် လက်တွေ့အသုံးချခြင်းတွင် ကျွန်ုပ်တို့၏အရည်အချင်းကို လွှမ်းမိုးပါသည်။

> ယေဘူယျအားဖြင့် ကျွန်ုပ်တို့၏အပြစ်များသည် သမ္မာကျမ်းစာအပါအဝင် သမ္မာတရားကိုနားလည်နိုင်စွမ်းအား တားဆီးထားသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပြစ်ရှိသောသဘာဝတွင် သမ္မာတရားကို မတရားမှုဖြင့် ဖိနှိပ်ထားသည်ဟု သမ္မာကျမ်းစာ မိန့်တော်မူသည်။ ထို့ကြောင့် အပြစ်သည် ကျွန်ုပ်တို့၏သမ္မာတရားကို နားလည်နိုင်စွမ်းအပေါ်တွင် လွှမ်းမိုးသော အကျိုးသက်ရောက်မှုရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကိုလေ့လာသောအခါ၊ အပြစ်၏လှည့်စားခြင်းမရှိဘဲ သမ္မာကျမ်းစာကိုနားလည်ခြင်းသည် ကျွန်ုပ်တို့အား သန့်ရှင်းသော ဝိညာဉ်တော်ပေးစွမ်းနိုင်သောအရာများထဲမှတစ်ခုဖြစ်ပြီး ကျွန်ုပ်တို့သည်ထိုအရာအတွက် အလွန်ကျေးဇူးတင်ပါသည်။

**ဒေါက်တာ K. Erik Thoennes**

> အပြစ်သည် ကျွန်ုပ်တို့၏ကျမ်းစာအနက်ပြန်ခြင်းကို အဟန့်အတားဖြစ်စေသောကြောင့် လူတို့သည် မိမိတို့ရှာဖွေလိုသောအရာကို သမ္မာကျမ်းစာတွင် ရှာဖွေလေ့ရှိကြသည်။ ဥပမာ၊ လွန်ခဲ့သည့် ရာစုနှစ်အနည်းငယ်၌ကျွန်ပိုင်ရှင်များသည် ကျွန်စနစ်ကိုမျှတစေသည့် သမ္မာကျမ်းစာကိုအဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းကို တီထွင်ခဲ့ကြသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ငင်းတို့၏ ကိုယ်ပိုင်စီးပွားရေးအရဖြစ်သောကြောင့်—ကျွန်များကိုတရားဟောရန် အခွင့်ရပါက—ကျွန်များသည် ငင်းတို့၏သခင်များကိုနာခံရမည်ဟူသော ဧဖက် ၆:၅ အား သူတို့ဟောပြောမည်ဖြစ်သည်။ သို့သော် သူတို့သည် ၆:၉ "သခင်တို့၊ ကိုယ်ကျွန်တို့ကို ထိုနည်းတူပြုကြလော့"ကို ဂရုမစိုက်ကြပါ။ ကျွန်ုပ်ဆိုလိုသည်မှာ၊ သင်သည် အမှန်တကယ်အလေးအနက်ထားလျှင်—သခင်များသည် သူတို့၏ကျွန်များကိုကူညီပေးပါက—ကျွန်စနစ်သည် ရှည်ကြာမည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မဟုတ်ပါ။ ၎င်းသည် အကျိုးစီးပွါးဆိုင်ရာဆွဲဆောင်မှုများကို ပျက်ပြားစေသည်။ သို့သော် လူတို့သည် သမ္မာကျမ်းစာကို အစီအစဉ်ဖြင့်ချဉ်းကပ်ပြီး ၎င်းတို့ အသက်ရှင်သည့်ပုံစံကို တရားမျှတစေရန် ကြိုးပမ်းသောအခါ၊ သူတို့သည် သမ္မာကျမ်းစာကို ဤနည်းဖြင့် ဖတ်ရှုကြမည်ဖြစ်သည်။ ယခု၊ လူတို့သည် ဆန့်ကျင်ဘက်ပြဿနာများ တစ်ခါတစ်ရံ ရှိတတ်ပါသည်။ ၎င်းတို့သည် ပြစ်တင်ရှုတ်ချခြင်းကို သူတို့အမြဲမျှော်လင့်နေသည့်နေရာမှ ဆင်းသက်လာနိုင်သည် သို့မဟုတ် သူတို့သည်အပြစ်ရှိသည်ဟု အမြဲမျှော်လင့်နေကာ ကျမ်းစာကိုလည်း ထိုနည်းအတိုင်း ဖတ်ရှုကြသည်။ ကျွန်ုပ်တို့၏ ကြိုတင်ယူဆချက်များဖြင့် သမ္မာကျမ်းစာကို ဖတ်ရှုမည့်အစား၊ ကျမ်းပိုဒ်၏သတင်းစကားသည် ကျွန်ုပ်တို့အတွက် မည်သည့်အရာကို အမှန်တကယ်ပြောနေသည်ကိုကြားနိုင်ရန် အတတ်နိုင်ဆုံးကြိုးစားရန် လိုအပ်ပါသည်။
>
> **ဒေါက်တာ Craig S. Keener**

# နိဂုံး

အနက်ပြန်ခြင်းအတွက် ကျွန်ုပ်တို့၏ပြင်ဆင်မှုဆိုင်ရာ ဤသင်ခန်းစာတွင်၊ သမ္မာကျမ်းစာကို အနက်ပြန်ခြင်းမပြုမီ ကျွန်ုပ်တို့ပြုလုပ်သင့်သည့် ပြင်ဆင်မှုများဆိုင်ရာအရေးကြီးသောကဏ္ဍနှစ်ခုကို ကျွန်ုပ်တို့လေ့လာထားပါသည်။ သဘာဝမှုတ်သွင်းခြင်းအယူဝါဒနှင့် ဝိညာဉ်တော်၏အလင်းပေးမှုတို့နှင့် ပတ်သက်၍ သန့်ရှင်းသောဝိညာဉ်တော်အပေါ် ကျွန်ုပ်တို့၏မှီခိုအားထားမှုကို ထည့်သွင်းစဉ်းစားထားပါသည်။ ထို့ပြင် လူသားများ၏ကြိုးစားအားထုတ်မှု၏အရေးပါမှုကို လေ့လာပြီး အဓိပ္ပာယ်ဖွင့်ဆိုမှုများအတွက် ဘုရားသခင်ပေးသည့်သြဇာလွှမ်းမိုးမှုအချို့ကို ခြုံငုံသုံးသပ်ခြင်းဖြင့် လူသားများ၏ကြိုးစားအားထုတ်မှုလိုအပ်ကြောင်းကို အလေးပေးဖော်ပြခဲ့ပါသည်။

သမ္မာကျမ်းစာအနက်ပြန်ဆိုခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်အပေါ် မှီခိုအားကိုးခြင်းနှင့် လူသား၏ကြိုးစားအားထုတ်ခြင်းများ နှစ်ခုစလုံးလိုအပ်သည်။ သမ္မာကျမ်းစာသည် ဘုရားသခင်မှုတ်သွင်းထားသောကြောင့်လည်းကောင်း၊ ကျွန်ုပ်တို့၏စိတ်နှလုံးများ အလင်းရရှိရန် ခမည်းတော်သည် ကျွန်ုပ်တို့ထံ သူ့အားစေလွှတ်ထားသောကြောင့်လည်းကောင်း၊ ကျွန်ုပ်တို့အနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်ထံဆုတောင်းခြင်းဖြင့် ချဉ်းကပ်ရမည်ဖြစ်သည်။ သို့သော် တစ်ချိန်တည်းမှာပင်၊ ကျွန်ုပ်တို့သည် ဖတ်ရှုခြင်း၊ လေ့လာခြင်း၊ အခြားသူများနှင့် အပြန်အလှန်ဆက်ဆံခြင်းနှင့် သမ္မာကျမ်းစာကို ကျွန်ုပ်တို့၏ဘဝလမ်းတစ်လျှောက် ခြေလှမ်းတိုင်းတွင် လက်တွေ့ကျင့်သုံးခြင်းဖြင့်လည်း ကျွန်ုပ်တို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုရှိသင့်သည်ဟု ဘုရားသခင် မိန့်တော်မူသည်။

သမ္မာကျမ်းစာကို အနက်ပြန်ခြင်းသည် ကျွန်ုပ်တို့၏ဘဝတစ်လျှောက်လုံး လိုက်လျှောက်ရမည့် ရှုပ်ထွေးသောစီမံကိန်းတစ်ခုဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် မိမိကိုယ်ကို အတတ်နိုင်ဆုံး သေချာစွာ ပြင်ဆင်ရန် သတိထားရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝိညာဉ်တော်နှင့် လူသားများ၏ ကြိုးစားအားထုတ်မှုနှစ်ခုစလုံးကို အာရုံစိုက်လေ၊ သမ္မာကျမ်းစာကိုအနက်ပြန်ရန်အတွက် ကျွန်ုပ်တို့ပို၍ ပြင်ဆင်ထားလေဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။